# မြိုင်

ဗန်းမော်တင်အောင်



ပြန်လည်ရိုက်နှိပ်ခြင်း

# ထောင်ကျနေတုန်းအခိုက်
# ဝတ္ထုရှည်ကြီးတစ်ပုဒ်လောက်
# ရေးပါလားဟု
# တိုက်တွန်းဖူးသော
# ‘ခင်ဦး’
# သို့

ဗန်းမော်တင်အောင် (၁၉၂၀-၁၉၇၈)

ပဲခူးမြို့တွင် အဖ ကျောင်းဆရာ ဦးနေ၊ အမိ ဒေါ်စောမြိုင်တို့ က ၁၉၂၀ ပြည့်နှစ် ဇွန်လ ၉ရက်နေ့တွင် မွေးဖွားသည် ။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်သည် ။ ဇာတာအမည် မောင်တင်ဦး၊ အမည်ရင်း ဦးတင်အောင် ဖြစ်သည် ။ ပဲခူး၊ တောင်ငူ၊ စစ်ကိုင်း၊ ဗန်းမော် အစိုးရအထက်တန်းကျောင်းများ တွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်ဟိုက်စကူးကျောင်းမှ ၁၉၃၈ တွင် ဆယ်တန်းအောင်သည် ။

ဆယ်တန်းအောင်ပြီးနောက် မြန်မာ့အလင်းသတင်းစာတွင် အလုပ်သင် သတင်းထောက် (၁၉၃၈)၊ စတီးဘရားသား သစ်ကိုယ်စားလှယ် (၁၉၃၉-၄၀) ဗြိတိသျှစစ်တပ် အထက်မြန်မာပြည်တပ်ရင်း တပ်စုမှူး (တပ်ကြပ်ကြီး) (၁၉၄၁-၄၂)၊ သစ်တောဌာန သစ်ဖြတ်ဝန်ထောက် (၁၉၄၂-၄၅)၊ စတီးဘရားသား သစ်ကိုယ်စားလှယ် (၁၉၄၅-၄၆)၊ ၁၉၄၆-၄၉ တွင်

သစ်ကုန်သည်၊ သစ်အဝယ်တော်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

၁၉ နှစ်သားအရွယ်မှ စ၍ ဘုန်းမေ့နိုင်ဘူး ဝတ္ထုကို ရေးခဲ့သည် ။ မောင်တင်အောင်၊ ဟိုက်စကူးကျောင်း အမည်ဖြင့် မြန်မာ့ရုပ်ရှင်၊ ဘားမားဂျာနယ်၊ မြန်မာ့တာဝန် မဂ္ဂဇင်းများ တွင် ဝတ္ထုများ ရေးသည် ။ မဟာအောင် ကလောင်အမည်ဖြင့် ဂျာနယ်ကျော်တွင် ဝတ္ထုများ ရေးခဲ့သည် ။ နော်မူဂေးမှာ ဗန်းမော်တင်အောင်အမည်ဖြင့် စတင်ရေးသော ဝတ္ထုတိုဖြစ်သည် ။ ဗန်းမော်တင်အောင်၏ ထင်ရှားသောဝတ္ထုများမှာ 'ဘုန်းမောင့်တယောက်တည်းရယ်' (၁၉၄၇)၊ 'ဒေါက်တာ ရေချမ်း (၁၉၅၀)၊ 'သူပုန်ကြီး' (၁၉၅၁)၊ ပြည်တော်သာ ခင်ခင်ဦး (၁၉၅၂)၊ 'အမေ' (၁၉၅၃)၊ မုန်တိုင်းက ထန် (၁၉၅၇)၊ 'မြိုင်' (၁၉၅၈)၊ 'ငသြ' (၁၉၆၁)၊ 'ချစ်အဏ္ဏဝါတွေ' (၁၉၆၂) တို့ ဖြစ်သည် ။

သူသည် 'လင်းယုန်'ကို ၁၉၄၆ ခုနှစ်ကတည်းကပင် ပြည်မြို့မှ ထုတ်ဝေရန် ကြိုးစားခဲ့သည် ။ ၁၉၅၀ ခုနှစ်တွင် မှ ရန်ကုန်မြို့ ၃၉ လမ်း၊ တိုက်အိုတိုက်ပျက်များ အကြားမှ နေ၍ စတင်ထုတ်ဝေနိုင်သည် ။ ပထမတွင် လင်းယုန်ဂျာနယ်၊ နောက် လင်းယုန်သတင်းစာ၊ နောက် ဗမာစာပေမဂ္ဂဇင်း။ သူ၏ ဂျာနယ်၊ သတင်းစာနှင့် မဂ္ဂဇင်းတို့ သည် အဖိနှိပ်ခံ ပြည်သူတို့ ဘက်မှ ရပ်တည်ရန် ကြိုးစားခဲ့သည် ကို သမိုင်းဆရာများ ငြင်းနိုင်မည် မဟုတ်ချေ။ ၁၉၅၁-၅၂ တွင် လင်းယုန်သတင်းစာ၊ ၁၉၅၈ တွင် မြန်မာစာပေမဂ္ဂဇင်း ထုတ်ဝေခဲ့သည် ။ ၁၉၄၉ တွင် တာရာမဂ္ဂဇင်းတွင် တွဲဖက်အယ်ဒီတာ လုပ်ခဲ့သည် ။

ဗန်းမော်တင်အောင်သည် ဖဆပလ အစိုးရခေတ်တွင် စာပေအရေးအသားကြောင့် ပထမဆုံး အဖမ်းခံရသူဖြစ်သည် ။ ဗန်းမော်တင်အောင်သည် သူ ယုံကြည်သည် များကို စာပေဖြင့် ရေးသားတင်ပြရုံမျှမက လူ

ထုလုပ်ရှားမှုများ တွင် လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သည် ။ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံတွင် အမှုဆောင်လူကြီး (၁၉၅၀-၆၃)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင် (၁၉၅၀-၅၁)၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် (၁၉၅၇-၆၃)၊ စာရေးဆရာ စာပေကလပ်အမှုဆောင် (၁၉၆၁)၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ ဥက္ကဋ္ဌ (၁၉၆၃-၆၄) တာဝန်များကို ထမ်းဆောင်ခဲ့သည် ။

၁၉၇၈ ခု အောက်တိုဘာလ ၂၃ ရက်တွင် အဆုတ်ကင်ဆာရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည် ။

**(မလိခ၏ မြန်မာဝတ္ထုအညွှန်းမှ )**

******

## စာရေးသူ၏ အမှာ

ရန်ကုန်ထောင်ကြီးအတွင်း၌ လေးနှစ်ကျော်ကျော်မျှ အချိန်ကုန်လွန်ခြင်း ပြုလာခဲ့ရသော ကာလအတွင်း တန်ဖိုးရှိလှသောအချိန်ကို အလဟဿ အကုန်မခံနိုင်၍ စာရေးသူသည် စာအုပ်လေးအုပ်မျှ ရေးသားပြီးစီးခဲ့သည် ။ ထိုစာအုပ်များမှ (၁) မြန်မာနိုင်ငံသမိုင်း၊ (၂) မှောင်မိုက်သော နေ့များ ၊ (၃) မုန်တိုင်းကထန်နှင့် (၄) မြိုင် ဝတ္ထုများ ဖြစ်ကြသည် ။

မုန်တိုင်းကထန်ဝတ္ထုကို ၁၉၅၇ ခုနှစ်၊ မတ်လအတွင်းက မြို့မစာနယ်ဇင်းမှ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း ပြုခဲ့လျက်၊ ဤ "မြိုင်" ဝတ္ထုကို ၁၉၅၇ ခု၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းမှ အစပြု၍ အခန်းဆက်ဖော်ပြခြင်းပြုခဲ့သည် ။ ကျန်စာအုပ်များ ဖြစ်ကြသော မြန်မာနိုင်ငံသမိုင်းနှင့် မှောင်မိုက်သောနေ့များကို ပုံနှိပ်ထုတ်ဝေခြင်း ပြုရန်အတွက် ထုတ်ဝေသူများ နှင့် စကားပြောဆို စေ့စပ်နေဆဲဖြစ်၍ ပုံနှိပ်ထုတ်ဝေခြင်းကား မပြုရသေးပေ။

ရှုမဝမဂ္ဂဇင်းအခန်းဆက် ဝတ္ထုရှည်ကြီးအဖြစ်ဖြင့် ၈ လတိုင်တိုင် ဖော်ပြခဲ့ပြီးဖြစ်သော ဤ "မြိုင်" ဝတ္ထုအား ယခုတစ်ဖန် စာအုပ်အဖြစ်ဖြင့် ထုတ်ဝေသူများက ကြိုးကြိုးပမ်းပမ်းနှင့် စွန့်စွန့်စားစား ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်ကြပြန်လေပြီ။ ဝတ္ထုရှည်ဆိုလျှင် ပုံသေနှစ်ကျပ်တန် စာအုပ်အဖြစ်သာလျှင် လက်ခံနေကြသော ယခုခေတ်၌ ဤ "မြိုင်" ဝတ္ထုအား

အဘယ်သို့ လက်ခံခြင်းပြုကြလိမ့်မည်ကိုကား မတွေးတော၊ မခန့်မှန်းတတ်သေးပေ။

ဇာတ်လမ်းတစ်ခုကို ဇာတ်ကောင်ခပ်များများ ဖန်ဆင်းထည့်သွင်းကာ ဇာတ်အိမ် ဇာတ်ကွက်တည်ဆောက်၍ ဖွဲ့နွဲ့ရေးသားခြင်းပြုသော မြန်မာဝတ္ထုများ အကြောင်းကို ၁၉၄၉ ခုနှစ်လောက်ပင် စာရေးသူသည် စာရေးသူမိတ်ဆွေအချို့နှင့် ဆွေးနွေးပြောဆိုဖူးသည် ။ ထိုစာရေးသူမိတ်ဆွေများ ထဲတွင် ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ မန်းတင်၊ မြသန်း၊ ကျော်အောင်၊ ဘုန်းမြင့်နှင့် ကွယ်လွန်သူ မောင်ကြည်လင်လည်း ပါသည် ထင်၏။ အထူးသဖြင့် ကွယ်လွန်သူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ မန္တလေးမောင်ခင်မောင့်နာမည်ဖြင့် ရေးသားခဲ့သော မိုင်းဝေဝေ၊ တင်တင်မြ၊ သန်းသန်း စသော ဝတ္ထုရှည်ကြီးများ အကြောင်း ပြောဆိုကြသည် ကို မှတ်မိ၏။ စာရေးဆရာကြီး မဟာဆွေ၏ ဈေးချိုသူဝတ္ထုကြီးလည်း ပါ၏။ ဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုကြီးလည်း ပါ၏။

ဤကဲ့သို့ မြန်မာဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆိုကြရင်း နိုင်ငံခြားဝတ္ထုရှည်ကြီးများ အကြောင်းသို့ ကူးစက်သွားကြ၏။ ဒဂုန်တာရာက ဝိတိုရိယခေတ် အင်္ဂလိပ်ဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆို၍ ကွယ်လွန်သူ မောင်ကြည်လင်က ရုရှားစာပေမှ တားဂီနစ်(ဗ်)၊ ဒိုတို့ (ဗ်)စကီးနှင့် တော်(လ်)စတွိုင်းတို့ ၏ ဇာတ်ကောင်များများ နှင့် ဇာတ်အိမ်ရှည်လျားသော ဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆို၏။

ထိုအချိန်ကာလလောက်မှ အစပြု၍ အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်အားဖြင့် (Novel) ခေါ် ဝတ္ထုရှည်ကြီးများကို ရေးသားခြင်းပြုနိုင်ရန်အတွက် စာရေးသူသည် မိမိကိုယ်တိုင် စတင်ပြင်ဆင်ခြင်း ပြုလာခဲ့သည် ။ မြ

န်မာဝတ္ထုရှည်ကြီးများ ထဲမှ လက်လှမ်းမီ၍ ရနိုင်သမျှ စာအုပ်များကို ရှာဖွေဖတ်ရှု လေ့လာခဲ့သည် ။ သို့ရာတွင် ထိုအချိန်က လင်းယုန် သတင်းစာနှင့် ဂျာနယ်များကိုသာ အချိန်ပြည့်ပေး၍ လုပ်ကိုင်ခြင်း ပြုနေခဲ့ရသောကြောင့် ပြီးလွယ်နပ်လွယ် ဝတ္ထုများကိုသာ ရေးသားနိုင်လျက် စိတ်ထဲ၌ စွဲလမ်းနေခဲ့သော ဝတ္ထုရှည်ကြီးတစ်ပုဒ်ကိုကား မရေးသားနိုင်ခဲ့ပေ ။

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စာရေးသူအား လင်းယုန် သတင်းစာနှင့် ဂျာနယ်များ ပုံနှိပ်ထုတ်ဝေခြင်းပြုနေသော အလုပ်ကို နိုင်ငံတော်အစိုးရမင်းများက ပိတ်ပင်ရပ်ဆိုင်းစေလျက် အုတ်နံရံလေးဖက်ကာထားသော ကျောင်းတော်ကြီးသို့ ပို့ဆောင်လိုက်သောအခါ အားလပ်သောအချိန် အတော်များများ ရရှိခဲ့သည် ။ ထိုကဲ့သို့သော အခွင့်အရေးများ သည် အလွန်တရာ ရနိုင်ခဲ့သည့်အားလျော်စွာ၊ ရတုန်းရခိုက်၌ "မြိုင်" ဝတ္ထုရှည်ကြီးများ ရေးချနိုင်ခဲ့ခြင်းမျှသာ ဖြစ်သည် ။ သို့ရာတွင် မြိုင်ဝတ္ထုအား ရန်ကုန်ထောင်ကြီးအတွင်း၌ ရေးသားနိုင်ခဲ့သည်ကား မဟုတ်ပေ။ မြိုင်ဝတ္ထု၌ အခန်းပေါင်း (၃၃)မျှ ရှိသည့်အနက်၊ အခန်း (၂၃) ထိသာ ရေးသားပြီးစီးခဲ့ခြင်းဖြစ်သည် ။ မြိုင်ဝတ္ထုမှာ အခန်း (၂၃)မှ နိဂုံးအထိ ပြန်လည်၍ အသစ်ထုတ်ဝေခြင်းပြုရသော လင်းယုန်သတင်းစာ ဂျာနယ်များ နှင့် နပန်းလုံးရင်း ရေးသားခြင်းပြုရသောကြောင့် "ပြီးလွယ်နပ်လွယ်" များ ဖြစ်သွားလေမည်လား မသိတတ်ပေ။ ။

**ဗန်းမော်တင်အောင်**

******

## အခန်း (၁)

## (က)

နံနက်လင်းခါစဖြစ်၍ နှင်းများ တဖွဲဖွဲကျဆင်းကာ မြောက်လေသည် ဝှေ့ယမ်းတိုက်ခတ်လျက် ရှိသည် ။ ဤပတ်ဝန်းကျင်များ အကြားမှ တစ်ချက်တစ်ချက် လေသင့်လာသောအခါ ဥသြငှက်၏ တွန်မြည်သံကို မသဲမကွဲ ကြားရစပြုလေပြီ။ သို့ရာတွင် သည်းထန်သော မြောက်လေနှင့် ထူထပ်သော နှင်းထုကြီးကို ဖောက်ထွင်းရုန်းကန်ကာ ထွက်လာရသောကြောင့် နွေ၏ တေးသံသည် ပီပီသသတော့ မရှိလှသေး ။ တေးကတော့ နွေ၏ တေးပင် ဖြစ်လေသည် ။

လင်းခါစဖြစ်၍ သစ်ရိပ်ဝါးရိပ်များ ဖြင့် ညို့ညို့မှိုင်းနေသော ရန်ကုန်အထက်လွှာများ ၏ ရွှေတောင်ကြား ရိပ်သာဘက်တစ်လျှောက်တွင် နှင်းများ ထူထပ်စွာ တဖွဲဖွဲကျဆင်းလျက် ရှိသည် ။ ထိုသို့ နှင်းများ ထူထပ်နေသဖြင့် သစ်ခါစနေ့၏ အလင်းရောင်သည် နှင်းထုကြီးကို မထိုးဖောက် မရှင်းလင်းနိုင်သေး။ မြောက်လေကလည်း ဝှေ့ယမ်းတိုက်ခိုက်နေသေးသည် ။

မိုးလင်းခဲ့သည် မှာ အတန်ကြာသွားပြီဖြစ်သော်လည်း နှင်းများကား စဲနိုင်သည် မရှိ။ တဖွဲဖွဲ ကျဆင်းလျက်သာ နေလေသည် ။ ခွဲလုခွဲရခါနီးဖြစ်သော ဆောင်းက ရှိရှိသမျှသော နှင်းကြွင်းနှင်းကျန်များ

ဖြင့် အလွမ်းသည် နှုတ်ဆက်နေခြင်း ဖြစ်ရော့သလား။ သို့မှ မဟုတ်ဘဲ မခွဲနိုင်မခွာရက်၍ အတင်းအဓမ္မ တွယ်ကပ်နေခြင်းပင် ဖြစ်ရော့သလား။ အမှန်ကိုကား မသိနိုင်ပေ။

လေပေ့သဖြင့် ရိုးတံ၌ ညောင်းညာနေသော သစ်ရွက်၊ ဝါးရွက်များသည် ကြွေလဲ လွင့်စဉ်ကြလေပြီ။ သို့ရာတွင် ပုရစ်က မကိုင်တတ်သေးသဖြင့် သစ်ပင်ဝါးပင်များ သည် ငုံးတိတိနှင့် ဟာလာဟင်းလင်းဖြစ်နေကြသည် ။ ဟင်းလင်းပွင့်၍ နေသော ဝါးရုံပင်ထက်တစ်ခုဝယ် တစ်ကောင်သော ဥသြငှက်သည် မြောက်လေနှင့် နှင်းထုကို ပြက်ရယ်ပြုကာ နွေ၏ နှုတ်ခွန်းဆက်တေးဂီတကို ဖွဲ့နွဲ့သီကုံးလျက် ရှိလေပြီ။ သို့ရာတွင် သည်းထန်သော မြောက်လေနှင့် ထူထပ်သော နှင်းထုကြီးကို ဖောက်ထွင်းရုန်းကန်ကာ ထွက်လာရသောကြောင့် နွေ၏ တေးသံသည် မပီမသဖြစ်နေသည် ။ တေးကတော့မူ နွေ၏ တေးပင် ဖြစ်လေသည် ။

ရွှေတောင်ကြား၏ အတွင်းဘက် ခပ်ကျကျရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခုအတွင်း၌ ကား နှင်းများ တဖွဲဖွဲကျဆင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည် ။ စည်းစိမ်ရှင်များ ဖြစ်သော အိမ်သားများ သည် အိပ်ရာမှ မထနိုင်ကြသေးသကဲ့သို့ အိမ်တံခါးများ ပင် မဖွင့်ကြသေးပေ။ စောင်ထူထူနှင့် အိပ်ရာထက်ဝယ် စည်းစိမ်ခံနေကြဟန် ရှိသည် ။ ခြံကြီး၏ အစေခံဖြစ်သော မာလီကုလားတစ်ယောက်သည် သာ သူ၏ ဝတ္တရားအတိုင်း ချမ်းချမ်းစီးစီးကြီးထဲတွင် ထကာ တိုက်၏ မျက်နှာစာတွင် တခမ်းတနား စိုက်ပျိုးထားသော ပန်းပင်များကို ရေလောင်းလျက် ရှိလေသည် ။

ခြံ၏ ခေါင်းရင်းဘက်ရှိ ဝါးရုံဘက်မှ ဥသြသံကိုစ၍ ကြားရကတည်းက ‘မြိုင်’သည် အိပ်ရာမှ နိုးနေ၏။ သို့ရာတွင် နံနက်ခင်းသည် တော်

တော်ကလေးအေးလျက် ရှိသောကြောင့် မြိုင်သည် အိပ်ရာမှ မထနိုင်သေးဘဲ ကွေး၍ ကောင်းတိုင်း ကွေးနေခြင်းဖြစ်သည် ။ စောစောစီးစီး အိပ်ရာမှ ထ၍ လုပ်စရာ ကိုင်စရာ ဘာမျှလည်း ရှိသည် မဟုတ်။ အိမ်တွင် အစေခံများ ရှိ၏။ ဒေါ်လေးတစ်ယောက်လုံးလည်း ရှိသေး၏။ မြိုင့်အတွက် ပူစရာ ပင်စရာဆို၍ ဘာမျှရှိသည် မဟုတ်ပေ။ အိပ်ရာထက်ဝယ် စောင်ထူထူနှင့် စည်းစိမ်ယူဖို့ သာ ရှိသည် ။ ဤသို့သော စည်းစိမ်မျိုးကို လူတိုင်းလူတိုင်း ခံစားနိုင်သည် လည်း မဟုတ်။

အိပ်ရာထက်ဝယ် စောင်ထူထူနှင့် ကွေးရင်း မြိုင်သည် မပီသလှသေးသော နွေ၏ တေးသံကို နားသောတဆင်လျက် ရှိသည် ။

မြောက်လေနှင့် နှင်းထု၏ အကြားမှာ ဥသြငှက်သည် နွေဦးကို ကြိုလင့်သည် ။ မကြာမမြင့်မီ ဥတ္တရယံယဉ်နန်းသို့ ဥဒေါင်းငှက်ပျံသန်းရောက်ရှိလာတော့မည့် သတင်းစကားကို သံလေး သံတွဲ့နှင့် ဂါထာဖွဲ့လေပြီ။ ထိုလာလတ္တံ့သောကာလ၌ မြိုင်ညိုတွင် သဇင်ချယားနှင့် စံပယ်ပန်းများ ဖူးပွင့်ကြတော့မည့် သတင်းစကားကိုလည်း ပြောကြားလျက် ရှိလေပြီ။

နွေ၏ တေးသံကို ကြားနာရသောအခါ အကြင်သူတစ်ဦး၏ နှလုံးသားအတွင်း၌ တစ်စုံတစ်ရာကို အောက်မေ့လွမ်းဆွတ်လာသလို ခံစားရ၏။ သို့ရာတွင် ဘာကိုအောက်မေ့ လွမ်းဆွတ်ရမှန်းလည်း မသိ။

ဆောင်းကုန်လုနီးသော အခါတိုင်း လွမ်းဆွတ်ဖွယ်ရာ ကြားနာရတတ်သော ဥသြငှက်၏ တွန်မြည်သံကို အိပ်ရာထက်တွင် ကွေး၍ နေရာမှ မြိုင်သည် စဉ်းစားကြည့်မိ၏။ နွေသစ်တော့မည့်အကြောင်းကို ဥသြငှက်အား အဘယ်သူက အထောက်တော်လွှတ်၍ ပြောကြားစေခိုင်းသနည်း။ ဤသို့ ကွန်းထောက်ရသည့်အတွက် နွေ၏ ကျေးကျွန်သည် အဘယ်သို့သော အဖိုးအခကို ရရှိသနည်း။

အနက်မထင်သော နွေ၏ တေးသံကို စဉ်းစားလိုက်သောအခါ မြိုင်၏ ဦးနှောက်သည် ရှုပ်ထွေးလာ၏။ စိတ်ညစ်ညူးသလိုလည်း ဖြစ်လာ၏။ တကယ်တော့ မြိုင်သည် လေးနက်ခက်ခဲသော အကြောင်းအရာများကို အပင်ပန်းခံ၍ လည်းကောင်း၊ စိတ်ညစ်ညူးခြင်း ခံ၍ လည်းကောင်း၊ ဘယ်သောအခါမျှ စဉ်းစားခြင်း မပြုတတ်ပေ။ မြိုင်၏ အသိဉာဏ်နှင့် ဦးနှောက်သည် ပေါ့ပါး၍ လှပသော အကြောင်းအရာများ လောက်သာ လက်ခံလေ့ရှိသည် ။ ထို့ကြောင့် လေးနက်ခက်ခဲသော ဥသြငှက်၏ ပဟေဠိကို မြိုင်သည် ဦးနှောက်အတွင်းမှ ထုတ်ပယ်ပစ်လိုက်သည် ။ မေ့ပစ်လိုက်သည် ။ ပင်ပန်းစရာများ နှင့် ဦးနှောက်ရှုပ်စရာများကို မြိုင်သည် မုန်းတီးသည် ။ တတ်နိုင်သမျှလည်း ရှောင်ကွင်းထွက်ပြေးလေ့ ရှိသည် ။ မြိုင်သည် သာယာလှပသော အကြောင်းအရာတစ်ခုခုကို စဉ်းစားရန် ရှာဖွေကြည့်လေသည် ။ သို့ရာတွင် မြိုင်တို့ ၏ ခြံ ခေါင်းရင်းဘက်၌ ဝါးရုံထက်မှ ဥသြငှက်ကတော့ သည်းထန်သော မြောက်လေနှင့် တဖွဲဖွဲကျဆင်းလျက်ရှိသော နှင်းများကို ကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ နွေ၏ နှုတ်ခွန်းဆက် တေးဂီတကို ကျူးရင့်သီဆိုလျက် ရှိလေသည် ။

လှပသော အကြောင်းအရာများကို ရှာဖွေရင်း ၎င်း၏ အချစ်တော် နှင်းဆီပန်းများကို မြိုင်သည် သတိရလာ၏။ သတိရခြင်းနှင့်အတူ မြိုင်တွင် စိုးရိမ်ပူရသော စိတ်များ လည်း တစ်ပါတည်း ဝင်လာသည် ။ အိပ်ရာထက်တွင် စောင်ထူထူနှင့် စည်းစိမ်ယူနေရသော ဘဝကိုပင် စိတ်ထဲ၌ မဖြောင့်လှတော့။ ခြံထဲသို့ ပြေးဆင်း၍ နှင်းဆီပန်းများကို ကြည့်ချင်သည် ။ အချစ်တော်ကလေးများ အတွက် မြိုင်သည် စိတ်မချနိုင်အောင်ဖြစ်လာသည် ။

မနေ့ညက ပြဇာတ်ကိုသွားရင်း ‘ကိုကိုလတ်’သည် မြိုင်တို့ တိုက်သို့ ဝင်သွား၏။ ဤသို့ ဝင်သွားသောအခါတိုင်း ကိုကိုလတ်သည် မြိုင်၏ အ

ချစ်တော် နှင်းဆီပန်းများကို လစ်လျှင် လစ်သလို ခိုးသွားတတ်သည် ။ ထိုသို့ ခိုးယူသွားသော နှင်းဆီပန်းများကို ၎င်းနှစ်သက် ပိုးပန်းလျက်ရှိသော နာမည်ကျော် ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးဖြစ်သူ 'မေမေခင်'အား လက်ဆောင်ပေးလေ့ရှိသည် ။ ဤသို့သော အလေ့အကျင့်ကို မကြိုက်ကြောင်း မြိုင်သည် ဒေါသတကြီးနှင့် ပြောပြတတ်သော်လည်း ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးကို အစွဲကြီး စွဲနေဟန်ရှိသော ကိုကိုလတ်က တော့ အလျှော့ပေးခြင်း မရှိပေ။ သူ့အတွက် သူပိုးပန်းလျက်ရှိသော မိန်းကလေးတစ်ဦးက နှစ်သက်တတ်သည့်ပစ္စည်းကို လက်ဆောင်ပေးနိုင်ရန်သာ အရေးကြီးလျက်ရှိသည် ။

မိမိအမြတ်တနိုးထားရှိသော ပစ္စည်းကို ခိုးယူ၍ သူပိုးပန်းလျက်ရှိသည့် ကချေသည် မအား လက်ဆောင်ပေးသော ကိုကိုလတ်အပေါ်၌ မြိုင်သည် များ စွာပင် စိတ်ဆိုးလေသည် ။

"ကိုကိုလတ်ရဲ့ ကချေသည် မကို မျက်နှာလုပ်ချင်ရင် တခြားတစ်နေရာက သွားရှာပြီး မျက်နှာလုပ်ပါလား..."ဟု မြိုင်က ကိုကိုလတ်အား မျက်နှာထားတင်းတင်းထား၍ ပြောဆိုပစ်လိုက်သည် ။

ကိုကိုလတ်ကတော့ အပြုံးပင် မပျက်ပေ။ သူသည် မြိုင့်အကြောင်းကို ကောင်းစွာ သိရှိနားလည်ထားသူတစ်ယောက် ဖြစ်လေသည် ။

"တခြားနေရာတွေမှာ လည်း မေမေခင် ကြိုက်တတ်တဲ့ နှင်းဆီပန်းများကို ရှာမရသေးလို့ ပါ မြိုင်ရယ်..."

"ရှာမရရင်လည်း သူများ ပစ္စည်းနဲ့ ဘာပြုလို့ လောကွတ်ချော်ချင်ရတာလဲ..."

"မေမေခင်တစ်ယောက်ကလည်း မြိုင်လိုပဲ ဒီနှင်းဆီမျိုးကို သိပ်ချစ်တာ..."

မိမိအား ကချေသည် မနှင့်နှိုင်းယှဉ်၍ ပြောဆိုလာသည့်အတွက် မြိုင်သည် သာလွန်၍ ခံရခက်မိသေလည်း။

"တော်ပါတော့ ကိုကိုလတ်ရဲ့ ကချေသည် မအကြောင်းကို... နောက်လည်း မြိုင်နဲ့ နှိုင်းယှဉ်ပြီး မပြောပါနဲ့ ..."

"ဒီလိုဆိုလည်း ကောင်းပါပြီခင်ဗျာ..."

မြိုင်က အဘယ်သို့ပင် နာကြည်းသွားအောင် ပြောဆိုခဲ့သော်လည်း ကိုကိုလတ်တစ်ယောက်ကတော့ ရှေးမူမပျက်ပေ။ သူအလိုရှိသောအခါတိုင်း မြိုင်၏ အချစ်တော် နှင်းဆီပန်းများကို လာရောက်ခိုးယူမြဲ ခိုးယူလေသည် ။ သို့ရာတွင် မနေ့ညက ကိုကိုလတ်သည် မြိုင်အိမ်သို့ဝင်၍ ပြန်ထွက်သွားသောအခါ အမှူမဲ့ အမှတ်မဲ့ဖြစ်၍ မြိုင်သည် သတိလစ်သွားသည် ။ ယနေ့နံနက်ကျမှ ပင် လှပသော အကြောင်းအရာများကို ရှာဖွေရင်း ၎င်း၏ အချစ်တော် နှင်းဆီပန်းများကို မြိုင်သည် ပြန်လည်သတိရလာခြင်းဖြစ်လေသည် ။ ထိုသို့ သတိရခြင်းနှင့်အတူ မြိုင့်တွင် စိုးရိမ်ပူပန်ရသော စိတ်များ လည်း တစ်ပါတည်းဝင်လာသည် ။

မြိုင်သည် သက္ကလတ်စောင်ကြီးကို ကတိုက်ကရိုက်ခွာချလိုက်ပြီးလျှင် အိပ်ရာထက်မှ ဆင်းလေသည် ။ ညဝတ်အင်္ကျီကို ကပျာကယာ လဲသည် ။ မျက်နှာသစ်ရန် သတိမရနိုင်သေးဘဲ နက်ပြာရောင် သက္ကလတ်လောင်းကုတ်ကြီးကို ဆွဲဝတ်ကာ အခန်းတွင်းမှ ထွက် လာပြီးနောက်အောက်ထပ်သို့ ကမန်းကတန်း ဆင်းလာခဲ့လေသည် ။

******

ထမင်းစားသော ခန်းမကြီးဘက်တွင် ကော်ဖီသောက်ရန် ပြင်ဆင်လျက်ရှိသော မြိုင်၏ ဒေါ်လေးသည် အိမ်အပေါ်ထပ်လှေကားမှ ဆင်းလာသော မြိုင်၏ ခြေသံကို ကြားရသဖြင့် "မြိုင်ရေ.. နိုးပလားဟေ့"ဟု လှမ်း၍ မေး လိုက်လေသည်။

"ဟုတ်ကဲ့.. ဒေါ်လေး"ဟု ပြန်ပြောရင်း မြိုင်သည် ခြံထဲသို့ဆင်း၍ နှင်းဆီပန်းများကိုသာ အရေးတကြီး သွားရောက်ကြည့်ရှုလိုသောဇောဖြင့် တိုက်ရှေ့ကိုသာ ခပ်သုတ်သုတ် ထွက်လာသည်။

"ကော်ဖီသောက်တော့မလားဟေ့" ဟု မြိုင်၏ ဒေါ်လေးက နောက်ထပ်၍ မေးလိုက်ပြန်၏။

"ဖေဖေကော သောက်ပြီးပလား.. ဒေါ်လေး" တိုက်အပြင်သို့ မထွက်သေးဘဲ စေ့ရုံသာ စေ့ထားသော အိမ်ရှေ့တံခါးဝ၌ ရပ်ရင်း မြိုင်က ပြန်၍ မေးလိုက်သည်။

"အစ်ကိုကြီး သောက်ပြီးလို့ တောင် လမ်းလျှောက်ရအောင် ထွက်သွားပါပကောလား..."

"ဒါဖြင့်လည်း ဒေါ်လေးသောက်နှင့်တော့လေ... မြိုင့်ကို စောင့်မနေပါနဲ့ "

"ခြံထဲဆင်းပြီး မြိုင့်နှင်းဆီပန်းတွေ ခဏကလေး ကြည့်လိုက်ဦးမယ် ဒေါ်လေး"ဟု ပြန်၍ ပြောဆိုခဲ့ပြီးနောက် စေ့ရုံမျှစေ့ထားသော တံခါးကို တွန်းဖွင့်ကာ မြိုင်သည် တိုက်မျက်နှာစာ၌ သပ်သပ်ရပ်ရပ် လှလှပပစိုက်ပျိုးထားသော နှင်းဆီပန်းပင်များ အကြားသို့ အပြေးကလေး

ဆင်းသွားသည် ။ ဤသို့ပန်းခြံထဲသို့ ဆင်းသွားစဉ် "ဒီကလေးမတစ်ယောက်မို့ မချမ်းမစီးကွယ်"ဟု နောက်ပိုင်း၌ ပြစ်တင်ညည်းတွားလိုက်သော ဒေါ်လေး၏ စကားကိုမှ မြိုင်သည် မကြားတော့၊ မြိုင်သည် မိမိပြုလုပ်လိုသော ကိစ္စတစ်ခုခုကို ငယ်စဉ်ကစ၍ ဇွတ်တရွတ်ပြုလုပ်လေ့ရှိသည် ။

ခြံထဲတွင် မြောက်လေသည် ဖွေ့ယမ်းတိုက်ခတ်လျက် နှင်းများ တဖွဲဖွဲကျဆင်းနေသည် ။ ဝါးရုံပင်ထက်မှ နွေ၏ အထောက်တော်ကလည်း သစ်တော့မည့် နွေ၏ သဘင်ကို ဝါဒဖြန့်လျက်ရှိသည် ။

စောစောစီးစီး ပန်းခြံထဲသို့ မြိုင် ဆင်း၍ ကြည့်သဖြင့် ခပ်စောစောက သူ့ဘာသာသူ ကြွေရရ ရေလောင်းနေသော မာလီကုလားသည် ရေပင် ဖြောင့်ဖြောင့်တန်းတန်း မလောင်းနိုင်တော့ဘဲ ပျာပျာသလဲဖြစ်နေရှာလေသည် ။ သခင်မလေးထံမှ မည်ကဲ့သို့သော အမိန့်မျိုးကို ကြားနာရပါမည်လဲဟူ၍ နားစွင့်နေလေသည် ။

ချမ်းအေးလှသော နံနက်ခင်းနှင့် ပျာပျာသလဲဖြစ်နေသော မာလီကုလားကိုပါ သတိမထားမိဘဲ ရဲရဲနီနေအောင် ပွင့်လျက်ရှိသော နှင်းဆီပန်းများကို မြိုင်သည် လှည့်ပတ်ကြည့်ရှုနေသည် ။ နှင်းဆီနီများကိုတော့ မြိုင်သည် တပ်မက်၏။ ချစ်၏။ ထို့ကြောင့် နှင်းဆီနီမျိုးကို တကူးတက မှာ ယူစိုက်ပျိုးခဲ့ခြင်းပင် ဖြစ်လေသည် ။ ခြံထဲတွင် စိုက်ပျိုးထားသော အခြားပန်းပင်များ ထက် ဤနှင်းဆီများကို အထူးဂရုစိုက်ရန် မြိုင်သည် မာလီကုလားအား မကြာခဏ အမိန့်ပေးတတ်သည် ။ ညွှန်ကြားချက်များကိုလည်း ထုတ်လေသည် ။

တစ်ခိုင်တည်းတွင် အပွင့်ကြီးငါးပွင့်မျှ ပွင့်လျက်ရှိသော နှင်းဆီခိုင်တစ်ခိုင်ကို မြိုင်သည် အတန်ကြာမျှရပ်၍ ရွှန်းရွှန်းစားစား ကြည့်လေသ

ည် ။ ထိုပန်းခိုင်သည် များ စွာလှပသဖြင့် ဘုရားတင်ရလျှင် ကောင်းမည်လားဟု လည်း စဉ်းစားမိသည် ။ တစ်ခိုင်တည်းတွင် ပန်းက ငါးပွင့်ဖြစ်နေ၍ အနန္တော-အနန္တငါးပါးနှင့်လည်း ဆက်စပ်စဉ်းစားမိလေသည် ။ ဘဒ္ဒကမ္ဘာ၏ ဘုရားငါးဆူနှင့်လည်း ဆက်စပ်စဉ်းစားမိလေသည် ။ ဗုဒ္ဓဘာသာ မိရိုးဖလာမှ ဆင်းသက်လာသော မိန်းကလေးတစ်ယောက်ပီပီ မြိုင်သည် ဘာသာတရားကို အလေးဂရုပြုလေ့ရှိသည် ။ ရတနာသုံးပါးကိုလည်း အမြဲဆည်းကပ်ကိုးကွယ်၍ အစဉ်အလာများကိုလည်း တစ်သဝေမတိမ်း လိုက်နာသည် ။ သီတင်းရက်များ တွင် မြိုင်သည် သက်သတ်လွတ်စားလျက် လပြည့်လကွယ်နေ့များ တွင် ကား ဥပုသ်စောင့်လေသည် ။

ဘုရားကပ်ရန်အတွက် ထိုနှင်းဆီခိုင်အား မာလီကုလားကို အဖြတ်ခိုင်းလိုက်ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်တော့မည်ပြုလုပ်ပြီးမှ မြိုင်သည် တစ်စုံတစ်ခုကို ရုတ်တရက် ပြန်လည် သတိရလာသကဲ့သို့ မဝင်သေးဘဲ နှင်းဆီပန်းများကို တစ်ပွင့်ချင်း လိုက်လံရေတွက်ကြည့်လေသည် ။

"မြိုင်ရေ… ကော်ဖီမသောက်သေးဘူးလားဟေ့.. တော်တော်ကြာရင် အေးကုန်လိမ့်မယ်"

နှင်းဆီပန်းများကို တစ်ပွင့်ချင်းလိုက်လံ၍ ရေတွက်ကြည့်နေသည့် အခိုက် မြိုင်၏ ဒေါ်လေးက ကော်ဖီသောက်ရန် လှမ်း၍ သတိပေးလေသည် ။ နှင်းဆီပန်းများကို ရေလက်စဖြစ်သဖြင့် အရေပျက်သွားမည်စိုး၍ မြိုင်သည် ဒေါ်လေးလုပ်သူအား ဘာမျှပြန်၍ မပြောနိုင်ဘဲ ရေလက်စဖြစ်သော နှင်းဆီပန်းများကိုသာ ဆက်၍ ရေနေသည် ။ မနေ့ညနေခင်းက အိမ်ပေါ်သို့ မတက်မီကလေးပင် မြိုင်သည် ၎င်း၏ နှင်းဆီပန်းများကို သေသေချာချာ ရေခဲ့သေး၏။ စုစုပေါင်း သုံးဆယ့်ငါးပွင့်တိတိ ရှိလေသည် ။

"နှစ်ဆယ့်ရှစ်... နှစ်ဆယ့်ကိုး... သုံးဆယ် ဟင်.. ဒါပဲလား..."

မြိုင်သည် မျက်နှာပျက်သွား၏။ မနေ့က အိမ်ပေါ်သို့ နောက်ဆုံးမတက်မီ ပန်းပွင့်များကို ရေကြည့်ခဲ့စဉ်က အားလုံးပေါင်း သုံးဆယ့်ငါးပွင့်မျှ ရှိခဲ့၏။ သို့ရာတွင် ယခု၌ မူကား ငါးပွင့်တိတိ လျော့သွားလေပြီ။ မြိုင်၏ နှင်းဆီပန်း ငါးပွင့်ကို အဘယ်ရန်သူတော်သည် ဆောင်ကြဉ်းသွားပြီနည်း။

ထိုရန်သူတော်ကိုတော့ မြိုင်သည် တပ်အပ်သေချာစွာ သိရှိနှင့်ပြီး ဖြစ်လေသည် ။ ထိုသူသည် ကိုကိုလတ်အပြင် အခြားအဘယ်သူ ဖြစ်နိုင်ဦးမည်နည်း။ မြိုင်သည် ကိုကိုလတ်အပေါ်၌ တော်တော်ကလေး ဒေါသဖြစ်မိသည် ။ ခံပြင်းမိသည် ။

ကိုကိုလတ်သည် သူစွဲလမ်းပိုးပန်းလျက်ရှိသော ရုပ်ရှင်နှင့်ပြဇာတ်မင်းသမီးသည် မြိုင့်နည်းတူ နှင်းဆီနီများကို အလွန်တရာ နှစ်သက်ကြောင်း မြိုင့်အား မကြာခဏ ပြောပြလေ့ရှိသည် ။ မိမိအား ဤကဲ့သို့ ကချေသည် မတစ်ယောက်နှင့် နှိုင်းယှဉ်၍ ပြောဆိုလာကတည်းက မြိုင်သည် ကိုကိုလတ်အပေါ်၌ အတော်ပင် မကျေမချမ်း ဖြစ်မိလေသည် ။ မိမိကဲ့သို့ ဂုဏ်သရေရှိ အထက်တန်းစား မိန်းကလေးတစ်ဦးတစ်ယောက်ကို ကြေးတန်းစား ဇာတ်သမနှင့် နှိုင်းယှဉ်ခြင်းအား မြိုင်သည် များ စွာ အခံရခက်သည် ။ မိမိ၏ နှင်းဆီပန်းကို ခိုးယူသွားသည် ထက် အခံရခက်သည် ။

မြိုင်သည် ကိုကိုလတ် ပိုးပန်းနေသော ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးကို အနုပညာသည် တစ်ဦးအဖြစ်နှင့်ကား မမြင်ပေ။ အကျင့်စာရိတ္တ လျော့ပါးသော အပေါစား မိန်းမတစ်ယောက်ဟူ၍ လောက်သာ သဘောထားလေသည် ။ ထို့ကြောင့်လည်း တစ်ဖက်သတ်ပင် အထင်အမြင်သေး

လျက် ရှိသည် ။ တကယ်ဆိုတော့ ထိုအပေါစားမိန်းမတစ်ယောက်သည် သူ၏ အတတ်ပညာဖြင့် သူ့အသက်မွေးဝမ်းကျောင်းသူ လုပ်ကိုင်စား သောက်နေသည် မဟုတ်လား။ မိဘ၏ ထမင်းအိုးထဲမှ အေးအေးဆေး ဆေး ခူးခပ် စားသောက်နေသော မြိုင်က သည် အထိတော့ မမြင်သေး ပေ။

နောက်တစ်ချက်လည်း ရှိသေး၏။ ထိုအချက်မှာ အခြားမဟုတ်။ လဲ့ လဲ့ကဲ့သို့ ဂုဏ်ယူတူ သူဌေးသမီးကိုတော့ မလေးမခန့်ပြုကာ အကျင့်စာ ရိတ္တလျော့ပါးသော ကချေသည် မကို တမ်းတမ်းစွဲဖြစ်နေသော ကိုကိုလ တ်၏ စိတ်နေသဘောထားပင် ဖြစ်လေသည် ။ လဲ့လဲ့နှင့် ကိုကိုလတ်တို့ သည် နှစ်ဦးနှစ်ဖက်သော လူကြီးမိဘများက ရည်မှန်းထားပြီးသော လူ ငယ်များ ဖြစ်ကြသည် ။ မြိုင်နှင့် လဲ့လဲ့တို့ သည် လည်း အလွန်တရာ ခင် မင်ရင်းနှီးကြသော ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်ကြသဖြင့် မြို င်သည် ကိုကိုလတ်အား လဲ့လဲ့နှင့်များ စွာ သဘောကျ ကျေနပ်လျက်ရှိခဲ့ သည် ။ သို့သော် ကိုကိုလတ်သည် မြိုင်၏ သဘောတူ ကျေနပ်မှုကို ပြက် ရယ်ပြုကာ ကချေသည် မတစ်ယောက်အား မြိုင်၏ အချစ်တော် နှင်းဆီ ပန်းများကို ခိုးယူ၍ မျက်နှာလုပ်လျက် ရှိလေသည် ။

မြိုင်သည် ကိုကိုလတ်အပေါ်၌ ခွင့်မလွှတ်နိုင်လောက်အောင်ပင် ဒေါ သဖြစ်လာသည် ။ သည် တစ်ခေါက် မြိုင်တို့ တိုက်သို့ ကိုကိုလတ်လာလျှ င် ဆူပူ၍ ရန်တွေ့လွှတ်လိုက်ဦးမည်ဟု လည်း မြိုင်က ကြံုးထားလိုက်သ ည် ။

"မြိုင်ရေ.. ခုထက်ထိ မလာသေးဘူးလားဟေ့...၊ ကော်ဖီတွေတောင် အေး လာပြီ..."

မြိုင်၏ ဒေါ်လေးသည် မြိုင်အားလှမ်း၍ ခေါ်လိုက်သည် ။

မြိုင်ကတော့ မကြားလိုက်ပေ။ ခိုးယူသွားခြင်းခံရသော အချစ်တော်နှင်းဆီပန်းကလေးများ အတွက် စိတ်မကောင်းဖြစ်နေသည် ။ ခိုးယူသွားသော ကိုကိုလတ်အပေါ်၌ လည်း ဒေါသထွက်နေသည် ။

******

(၈)

ဥညြသည် နွေဘွဲ့ကို မမောမပန်း သီဆိုလျက်ရှိတုန်းပင် ဖြစ်၏။ သို့ရာတွင် မြိုင်သည် နွေ၏ တေးသံကို မကြားမိ။ ကြားလည်း မကြားချင်ပေ။

နှင်းများ သည် စောစောကထက်ပင် ထူထပ်စွာ ကျလာ၏။ လေကလည်း ဇေ့ယမ်းတိုက်ခတ်လျက်ရှိ၏။ သို့ရာတွင် ချမ်းအေးရခြင်းကိုပင် သတိမရနိုင်လောက်အောင် မြိုင်သည် ကိုကိုလတ်အပေါ်၌ ဒေါသဖြစ်နေ၏။ နမဖြစ်သူ အမြတ်တနိုးထားရှိသော ပစ္စည်းကို ခိုးယူသွားပြီးလျှင် အပေါစားဇာတ်သမတစ်ယောက်အား မျက်နှာလိုမျက်နှာရသွား၍ လက်ဆောင်ပေးသော မောင်လုပ်သူကို အဘယ်နမဖြစ်သူက နှစ်သိမ့်ကြည်ဖြူနိုင်လိမ့်မည်နည်း။

အိမ်ထဲသို့ ပြန်မဝင်ဖြစ်သေးဘဲ နှင်းဆီပင်များ အကြား၌ မြိုင်သည် ငိုင်၍ ရပ်မြဲရပ်နေသည့်အခိုက် အော်စတင်ကားကလေးတစ်စီးသည် မြိုင်တို့ ခြံအတွင်းသို့ တံခါးဝမှ ခပ်ဖြည်းဖြည်း မှန်မှန်မောင်း၍ ဝင်လာ၏။ ထို့နောက် တိုက်ရှေ့ဆင်ဝင်အောက်တွင် ညင်သာစွာ ထိုး၍ ရပ်လိုက်၏။

ခြံအတွင်းသို့ ကားတစ်စီးဝင်လာသည် ကိုပင် မြိုင်သည် မသိလိုက်ပေ။ မြိုင်၏ အကျင့်တစ်ခုကား တစ်စုံတစ်ရာ၌ စူးစိုက်မိလျှင် ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို သတိမရတော့ခြင်းပင် ဖြစ်လေသည် ။

အော်စတင်ကားကို ကိုယ်တိုင်မောင်းလာသော လူရည်သန့်သန့်နှင့် အသက်အစိတ်သာသာခန့် လူရွယ်သည် ကားတံခါးကိုဖွင့်၍ ဆင်းလာပြီးလျှင် "မြိုင်ရေ.. ဟေး မြိုင်" ဟု ခပ်အုပ်အုပ်ကလေးခေါ်ကာ မြိုင်ရပ်နေသော နှင်းဆီပင်များ အကြားသို့ အူယားဖားယား ပြေးလာသည် ။

မြိုင်သည် ရုတ်ခနဲ လှည့်ကြည့်လိုက်သည် ။ ထိုလူရွယ်ကို မြင်လိုက်လျှင်ပင် မြိုင်သည် ထိုလူရွယ်အား မျက်နှာချင်းပင် ဆိုင်၍ မကြည့်လို၊ မမြင်လိုသကဲ့သို့ ချာကနဲ တစ်ဖက်သို့ မျက်နှာလှည့်သွားပြီးလျှင် ကျောခိုင်းပစ် လိုက်လေသည် ။

"ကိုလတ် ချောက်ကျလာလို့ မြိုင်ရယ် ကိုလတ်ကို ကူပါဦး..." တစ်စုံတစ်ခုသော အကျပ်တည်းနှင့် တွေ့လာရာမှ သူ၏ ထွက်ပေါက်ကို မရှာဖွေတတ်သူသကဲ့သို့ ကျောခိုင်းလျက်ရှိသော နှမဝမ်းကွဲဖြစ်သူအား ကိုကိုလတ်သည် မျက်နှာသေကလေးဖြင့် တောင်းပန် ပြောဆိုလေသည် ။

"သွား.. သွား.. မြိုင့်ကို ဘာမှ လာမပြောနဲ့ တော့" မြိုင်သည် နောက်သို့ပင် လှည့်မကြည့်ဘဲ ခပ်ကျယ်ကျယ်ကလေးပင် အော်ငေါက် ပြောဆိုလိုက်လသည် ။ မွေးချင်းပေါက်ဖော် ရှားပါးသဖြင့် ဝမ်းကွဲအစ်ကိုဖြစ်သူကိုပင် အစ်ကိုအရင်းနှင့်မခြား ချစ်ခင်လေ့ရှိသော မြိုင်သည် အခုအခါ၌ ကိုကိုလတ်အား မျက်နှာချင်းပင် မဆိုင်လိုတော့အောင် မကျေမချမ်းဖြစ်နေ၏။

"တကယ်ပြောတာပါ မြိုင်ရယ်..."ဟု ကိုကိုလတ်က အသံတိမ်ကလေးနှင့် ဆက်လက်၍ တောင်းပန်နေပြန်၏။

"သွား.. သွား... ကိုကိုလတ် ပြောတာ မြိုင် ဘာမှ မကြားချင်ဘူး"

"ကိုကိုလတ် တကယ့်ကို ချောက်ကျလာလို့ ပါ မြိုင် ဒီတစ်ခေါက်သာ မြိုင်မကယ်ရင် ကိုလတ်တော့ ဒုက္ခပဲ..."

မြိုင်သည် ဘာမျှပြန်၍ မပြောဘဲ ကျောခိုင်းထားမြဲ ထားလေသည် ။

ကိုကိုလတ်သည် နှမဖြစ်သူ၏ အကြောင်း ကောင်းစွာသိရှိထားပြီး ဖြစ်သည့်အလျောက် မိမိအား ကျောခိုင်း၍ နေသော မြိုင်နှင့် မျက်နှာချင်းဆိုင်နိုင်ရန် ကြိုးစားကြည့်လေသည် ။ ကိုကိုလတ်က မြိုင်နှင့် မျက်နှာချင်းဆိုင်သွား၍ ရပ်လိုက်သောအခါ မြိုင်သည် တစ်ဖက်သို့ လှည့်၍ နေလိုက်ပြန်လေ၏။

ကိုကိုလတ်သည် သက်ပြင်းတစ်ချက်ချလိုက်ကာ "အရေးထဲမှာ အလကားနေရင်းပဲ စိတ်ကောက်နေရသေးသလား မြိုင်ရယ်" ဟု ညည်းညူပြောဆိုလေသည် ။ ထိုသို့ပြောဆိုလိုက်လျှင် မြိုင်သည် ကျောခိုင်း၍ ရပ်နေရာမှ ချာခနဲ လှည့်လာ၏။ "ဘာအလကားနေရင်း စိတ်ကောက်နေသတဲ့ လား.. ကိုကိုလတ် ကချေသည် မကို ပိုးကြေးပေးဖို့ မြိုင့်နှင်းဆီပန်းငါးပွင့် ခိုးသွားပြီးတော့မှ ဟင်း..."ဟု ဒေါသကလေးဖြင့် ပြောချ လိုက်လေသည် ။

ဤတစ်ကြိမ်တွင် မိမိလည်း မခိုးရသောကြောင့် ကိုကိုလတ်သည် ရတ်တရက် ဘာမျှပြန်၍ မပြောတတ်ဘဲ မြိုင့်အား မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည် ။

"ဘာလဲ သူများ နှင်းဆီပန်းတွေ ခိုးသွားပြီးမှ ဘာငြင်းဦးမလို့ လဲ"

"ကိုလတ် မခိုးရပါဘူး မြိုင်ရယ်..."

"ကိုကိုလတ် မခိုးရင် ဘယ်သူခိုးဦးမှာ လဲ.. မြိုင့်ကို မညာစမ်းပါနဲ့ .."

"တကယ်ပြောတာပါ မြိုင်ရယ်၊ ခါတိုင်းယူရင် ယူတယ်လို့ ဝန်ခံသားပဲ မဟုတ်လား"

"ခိုးတာနဲ့ အားမရသေးဘဲ ထပ်ညာချင်သေးလို့ လား..."

ကိုကိုလတ်သည် ဤကိစ္စကိုသာ ဆက်လက်၍ ငြင်းခုံနေလျှင် မိမိ၏ လိုရင်းကိစ္စကို တော်တော်နှင့် ပြော၍ မပြီးစီးဘဲ ဖြစ်နေတော့မည့်အရေးကို စဉ်းစားမိသဖြင့် "ဒါဖြင့်လည်း မြိုင့်နှင်းဆီပန်းတွေအစား မြိုင်ကျေနပ်အောင် လျော်ပေးပ့ါမယ် မြိုင်ရယ် ဒီတစ်ခေါက်တော့ ကိုလတ်ကို ကူပါဦး..."ဟု အလျှော့ပေး၍ တောင်းပန်ပြောဆိုလေသည် ။

"မြိုင်ကျေနပ်အောင် လျော်ပေးမယ်ဆိုပြီး ဒီလိုပဲ လုပ်နေတာ ဘယ်နှခါရှိပြီလဲ"

"နောက်မလုပ်တော့ပါဘူး မြိုင်ရယ်.. ဒီတစ်ခါသာ ကိုလတ်ကို ဆက်ဆက်ကူပါဦး"

"ဘာနောက်တစ်ခါ မလုပ်တော့ဘူးလဲ၊ တော်ပါ.. ကိုကိုလတ်စကားဆိုရင် မြိုင် ဘယ်တော့မှ မယုံတော့ဘူး..."

"ကိုလတ် တောင်းပန်ပါတယ် မြိုင်ရယ် ဒီကိစ္စအသာထားပြီး ကိုလတ်ကိစ္စကိုတော့ ဒီတစ်ခါ ကူညီပေးပါဦး..."

"ကိုကိုလတ်ကိစ္စက ဘယ်လိုကိစ္စလဲ တစ်ခုခုဖြစ်လာရင် မြိုင့်ကို လာလာပူတာပဲ"

မြိုင်သည် ပြေလွယ်ပျောက်လွယ်သော မိန်းကလေးလည်း ဖြစ်သည် ။ အစွဲမထားတတ်။ ခွင့်လွှတ်တတ်သည် ။

"ကိုလတ် မနေ့ညက အိမ်ပြန်မအိပ်နိုင်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး မေမေနဲ့ ဖေဖေတို့ ကို မြိုင်ကကူပြီး လိမ်းပေးစမ်းပါဦး... ဘာဖြစ်ဖြစ်

မြိုင်ပြောရင် လူကြီးတွေက ယုံကြတယ်..."

မိမိ၏ နှင်းဆီပန်းများကို ခိုးယူသွားပြီးနောက် ယခုတစ်ဖန် ဓားခုတ်ရာတွင် ဘာမဆိုင် ညာမဆိုင်နှင့် မိမိကိုပင် လက်ဝင်လှို့ခိုင်းလာပြန်သော ကိုကိုလတ်အား မြိုင်သည် ခံပြင်းမိသည် ။ စောစောက ပြေလည်စပြုလာသော စိတ်သည် ပင် ပြန်၍ ဆိုးလာသည် ။ သူ့ဘာသာ သူစည်းမဲ့ကမ်းမဲ့ လျှောက်လည်၍ အိပ်ချင်ရာနေရာ၌ အိပ်နေခဲ့ပြီးမှ မိမိအားလူကြီးမိဘများကို လာ၍ အလိမ်ခိုင်းနေသော ကိုကိုလတ်ကို မြိုင်သည် တော်တော်ကလေး စက်ဆုပ်မိသည် ။

"သွား... သွား... သွား... သူများ နှင်းဆီးပန်းလည်း ခိုးယူပြီး သူများကိုလည်း သူခိုးသေဖော် လာညှိနေသေးတယ်.. သွား... သွား... မြိုင့်ကိုဘာမှ လာမပြောနဲ့ တော့"ဟု မြိုင်က ငြင်းဆန်ပြောဆိုနေသည့်အခိုက် စောစောက ဘုရားတင်ရန် ဖြတ်ခိုင်းခဲ့သော နှင်းဆီပန်းခိုင်ကို ရေမိုးသွားရောက် ဆေးကြောပြီးနောက် မာလီကုလားသည် မြိုင့်အား လာ၍ ပေးလေသည် ။ ထိုသို့ နှင်းဆီပန်းခိုင်ကို မာလီကုလားလာ၍ ပေးတော့မှ စောစောက မိမိ အရေမှားမိခဲ့သောအဖြစ်ကို ပြန်၍ သတိရကာ ကိုကိုလတ်အပေါ်၌ မိမိတစ်ဖက်သတ် စွပ်စွဲခဲ့သောအဖြစ်ကို နောင်တရလေသည် ။ သို့ရာတွင် မြိုင်သည် မိမိအား သူခိုးသေဖော်ညှိနေသော ကိုကိုလတ်ကို မျက်နှာသာ မပေးလိုသေးသဖြင့် မိမိ၏ အမှားကို ဖုံးထားလိုက်သည် ။ နောက်တစ်နေ့မှ ပဲ အေးအေးဆေးဆေးပြောပြမည်ဟု အောက်မေ့ထားလိုက်သည် ။

"တကယ်ပြောနေတာပါ မြိုင်ရယ်... ညက ပြဇာတ်ကအပြန် ကိုလတ် မိတ်ဆွေတစ်ယောက်ကို အရေးတကြီးကိစ္စတစ်ခုအတွက်နဲ့ ပဲခူးကို လိုက်ပို့ပေးခဲ့ရလို့ ပါ... အဲဒါကို ဖေဖေနဲ့ မေမေ့ကို ပြောပြရင်လည်း ယုံ

ချင်မှ ယုံကြမှာ "

"မြိုင်ကကော.. ကိုကိုလတ် အခုပြောတာကို ယုံရမှာ လား"

"အရေးထဲမှာ မြိုင်ကလည်း ကွာ..."

"မိတ်ဆွေတစ်ယောက်ကို ပဲခူးလိုက်ပို့ရတယ်ဆိုပြီး တကယ်ကျ တော့ ကချေသည် မရဲ့ အိမ်မှာ ဒရဝမ်သွားလုပ်နေရသလားမှ မပြောတ တ်တာ"

မြိုင်က ခပ်တည်တည်နှင့် ပြောဆိုလိုက်သောအခါ ကိုကိုလတ်သည် ရုတ်တရက် မျက်နှာပျက်၍ သွားလေသည် ။ သူသည် မြိုင်၏ စွပ်စွဲချက်အား အဘယ်သို့ ငြင်းကွယ်ရမည်ကိုပင် အစရှာ၍ မရနိုင်အောင်လည်း ဖြစ်သွားသည် ။ မြိုင်သည် ထိုစကားကို လွှတ်ခနဲ ပြောလိုက်ခြင်းမျှသာ ဖြစ်သော်လည်း ကိုကိုလတ်အဖို့ ရာ၌ ကား ကြောက်မက်ဖွယ်ပင် မှန်နေသည် ။

မနေ့ညက ပြဇာတ်အပြီးတွင် မေမေခင်က တရုတ်တန်းဘက်တွင် ဘဲသားဆန်ပြုတ် စားချင်သည် ဆို၍ ကိုကိုလတ်သည် လိုက်၍ ပို့ပေးခဲ့ရသည် ။ တရုတ်တန်းဘက်တွင် ဘဲသားဆန်ပြုတ်စားသောက် ပြီးစီးသောအခါ ၎င်း၏ ကားနှင့်ပင် မေမေခင် ငှားရမ်းနေသော ကျောက်မြောင်းဘက်ရှိ အိမ်သို့လိုက်ပို့ရပြန်လေသည် ။ မေမေခင်၏ အိမ်သို့ရောက်သောအခါတွင် နာရီပြန်တစ်ချက်ပင် တီးသွားခဲ့လေပြီ။ သို့ရာတွင် မေမေခင်က သူ့အားပြန်၍ မလွှတ်သေးဘဲ ကော်ဖီဖျော်တိုက်နေပြန်သဖြင့် မငြင်းဆန်နိုင်ဘဲ သောက်ရပြန်လေသည် ။ ကော်ဖီသောက်ရင်း မေမေခင်က သူငယ်စဉ်က သီလရှင်ကျောင်း၌ နေခဲ့ဖူးသော အကြောင်းအရာ အဖြစ်အပျက်များကို ပြောပြနေသဖြင့် နှစ်နာရီထိုးသွားခဲ့သည် ။ နှစ်နာရီထိုးပြီဖြစ်၍ မိမိအားအိမ်သို့ ပြန်ခွင့်ပြုရန် ခွင့်တောင်းသောအခါ ညဥ့်

နက်နေပြီဖြစ်၍ ၎င်းအိမ်၌ အိပ်စက်သွားရန် မေမေခင်က ပြောဆိုလာသည် ။ မေမေခင်ကသာလျှင် မဟုတ်၊ ၎င်းအား ထိန်းသိမ်းစောင့်ရှောက်နေဟန်ရှိသော အဒေါ်ကြီးကပါ အိပ်စက်သွားရန် ဝင်ရောက်ပြောဆိုလာပေသည် ။ တကယ်ဆိုသောအခါလည်း မိမိနှစ်သက် ပိုးပန်းနေသော မိန်းကလေးတစ်ယောက်က ၎င်း၏ အိမ်၌ အိပ်စက်ရန်ဖိတ်ခေါ်သော အခွင့်အရေးသည် ကြုံရခဲဘိသော မဟာအခွင့်အရေးပင် ဖြစ်သည် ။ သို့ရာတွင် စည်းကမ်းကြီးသော အိမ်သို့ပြန်၍ မှ မအိပ်ခဲ့လျှင် အဘိုးကြီးရော အဘွားကြီးပါဝိုင်း၍ လောင်ကြလိမ့်မည် ဖြစ်ရကား ကိုကိုလတ်သည် မပြန်၍ မဖြစ်ကြောင်း ပြောဆိုကာ မေမေခင်အား ပြန်ခွင့်တောင်းရလေသည် ။

"ဒီအသက် ဒီအရွယ်ရှိလာမှ မိဘအရိပ်ခိုနေရရင် ကိုယ့်သဘောနဲ့ကိုယ် ဘယ်နေနိုင်ပါ့မလဲ" ဟု မေမေခင်က သူ့အားလှောင်သလိုလို ခနဲ့သလိုလိုနှင့် ပြောလာ၏။

"အဘိုးကြီး အဘွားကြီးတွေနဲ့ အိုးစားမခွဲနိုင်သေးတဲ့ အခါတော့ သူတို့ စည်းကမ်းကို မဖျက်ဝံ့သေးဘူး မေ..."ဟု သူက သူ၏ လှေသူမထိုးနိုင်သေးသော ဘဝကို ဝန်ခံလိုက်ရသည် ။ ဤသို့ နို့သက်ခံ၍ စို့နေရသော မိမိ၏ ဘဝကို ဝန်ခံလိုက်ရသည့်အတွက် ကိုကိုလတ်သည် မေမေခင့်ရှေ့တွင် သိမ်ငယ်သလိုတော့ ဖြစ်မိ၏။ မိန်းမသားမျှဖြစ်သော မေမေခင်သည် သူ့လှေတွင် သူသည် လှေသူကြီးမဟုတ်သလော။

ကိုကိုလတ်သည် အိမ်သို့ပြန်ရန် သူ၏ ကားကို စက်နှိုးသောအခါ နှိုး၍ မရပေ။ သူသည် စက်နှိုးရန် အမျိုးမျိုး ကြိုးစားစမ်းကြည့်၏။ သို့ရာတွင် ကားစက်သည် တစ်စုံတစ်ရာ ချို့ယွင်း နေသကဲ့သို့ နိုးလာခြင်းမရှိပေ။ သူသည် နာရီတစ်မတ်သာသာခန့်မျှ စက်၏ ချို့ယွင်းချက်ကို

ရှာဖွေကြည့်လေသည် ။ သို့ရာတွင် ကားကို သာမန်မျှသာ မောင်းတတ်သော ကိုကိုလတ်သည် စက်၏ ချို့ယွင်းချက်ကို ရှာဖွေမရပေ။ ထို့ကြောင့် နောက်ဆုံး၌ သူသည် မေမေခင်၏ အိမ်၌ အိပ်စက်ရလေသည် ။

မြိုင်က မှန်သောစကားကို ပြောဆိုလိုက်သဖြင့် ရုတ်တရက် မျက်နှာပျက်သွားခဲ့ရသော ကိုကိုလတ်သည် ပျက်သွားသော ၎င်း၏ မျက်နှာကို အမြန်ဆုံးပြင်ဆင်ရန် ကြိုးစားရလေသည် ။

"တကယ်ပြောနေတာပါ မြိုင်ရယ်... အဲဒီတော့ မနေ့ညက ညဥ့်နက်သွားလို့ မြိုင်တို့ အိမ်မှာ ကိုလတ် အိပ်သွားရတဲ့ အကြောင်း ဖေဖေနဲ့ မေမေတို့ က မေးလာခဲ့ရင် ကြည့်ပြီး ကူပြောပေးစမ်းပါဦး..."

"မြိုင် ဘယ်တော့မှ လိမ်မပြောတတ်ဘူးဆိုတာ ကိုကိုလတ် သိသားပဲ မဟုတ်လား"

"ဒီတစ်ခါတော့ ကိုလတ်ကို ကူပါဦးမြိုင်ရယ် မဟုတ်ရင်တော့ ကိုလတ်အိမ်က ထွက်ပြေးရလိမ့်မယ်..."

"မြိုင့်နှင်းဆီပန်းတွေ ခိုးခိုးပြီး ကချေသည် မကို ပိုးကြေးပန်းကြေးပေးတဲ့ လူတစ်ယောက်ကို မြိုင်က ဘာပြုလို့ ငရဲခံပြီး ကူရဦးမှာ တဲ့ လဲ ကိုယ့်အပြစ်နဲ့ ကိုယ့်ဘာသာပဲခံပေါ့.."

မြိုင့်အား သူခိုးသေဖော်ညှိ၍ မရနိုင်သောကြောင့် ကိုကိုလတ်သည် စိတ်ရှုပ်၍ သွားသည် ။ နားဝင်အောင် မြိုင့်အား နောက်ထပ်၍ မည်သို့ပြောဆိုရမည်ကို စဉ်းစားမရတော့သဖြင့်လည်း ငိုင်နေမိသည် ။

လေက ဝှေ့ယမ်းတိုက်ခတ်လျက် နှင်းများ တဖွဲဖွဲကျဆင်းနေသော နှင်းဆီပင်များ အကြား၌ ချမ်းအေးရခြင်းကိုမှ သတိမရနိုင်လောက်အောင် မြိုင်နှင့် ကိုကိုလတ်တို့ မောင်နှမသည် ငြင်းခုံနေကြသည့်အခိုက် မြိုင့်

အား ကော်ဖီသောက်ရန် ခေါ်၍ မရသဖြင့် ဒေါ်လေးသည် အိမ်ထဲမှ ထွက်လိုက်လာသည် ။ မြိုင်နှင့် ကိုကိုလတ်တို့ မောင်နှမသည် ဒေါ်လေးကို မမြင်မိကြပေ။ မြိုင်တစ်ယောက်တည်း မဟုတ်ဘဲ စောစောစီးစီး မလာစဖူးလာနေသော ကိုကိုလတ်ကိုပါ တွေ့ရသဖြင့် ဒေါ်လေးသည် လှမ်းမခေါ်သေးဘဲ တံခါးဝ၌ ရပ်ကာ သူတို့ မောင်နှမ၏ အရိပ်အခြည်ကို ကြည့်ရှုနေလေသည် ။

"တစ်ဆိတ်ရှိရင် မြိုင်ကိုပဲ လာလာညှဉ်းတာ ခုလို ကိုကိုလတ် ချောက်ကျတဲ့ အခါကျတော့ ကိုကိုလတ်ရဲ့ ကချေသည် မကိုပါ ဘာပြုလို့ သွားပြီး အကူအညီမတောင်းတာလဲ.. သူ့ဆီပဲ သွားပါလား"

ငိုင်နေသော ကိုကိုလတ်အား မြိုင်သည် ၎င်း၏ ဝမ်းထဲ၌ မြုထားရသော အချက်အလက်များကို ပြောဆိုလိုက်သည် ။ မိမိနှစ်သက်စွဲလမ်းနေသော မိန်းကလေးတစ်ဦးအား မိမိ၏ နှမဖြစ်သူက ဤသို့အခွင့်အရေးယူ၍ ပြောဆိုလိုက်ခြင်းကိုကား ကိုကိုလတ်သည် တော်တော်တော့ အခံရခက်မိလေသည် ။ သို့ရာတွင် ယခုအခါ၌ သူသည် မြိုင့်အကူအညီကို တောင်းခံနေရသော ကရုဏာခံဘဝတွင် ကျရောက်နေပြီဖြစ်သောကြောင့် သူ၏ ခံရခက်သောစိတ်ဓာတ်ကို ချိုးနှိမ်ရပေသည် ။

"ဒီတစ်ခါတော့ တောင်းပန်ပါတယ် မြိုင်ရယ်"ဟု ထပ်မံ၍ တောင်းပန်တိုးလျှိုးရပြန်လေသည် ။

အိမ်ရှေ့တံခါးတွင် ရပ်၍ အတန်ကြာမျှ အကဲခတ်ကြည့်ရှုနေခဲ့ရာမှ "ဟဲ့- မြိုင်နဲ့ မောင်မောင်လတ်လေ ဒါလောက်တိုက်ပြီး နှင်းတွေ ဒါလောက်ကျနေတဲ့ အထဲမှာ နင်တို့ မောင်နှမမို့ မချမ်းမစီးဟယ်... လာ... လာ ... အထဲကိုလာကြ..."ဟု လှမ်းအော်၍ ခေါ်လိုက်သဖြင့် နှင်းဆီပင်များ

အကြား မြိုင်နှင့် မောင်မောင်လတ်တို့ သည် ဒေါ်လေးအား ပြိုင်တူလှမ်း၍ ကြည့်ကြလေသည်။

"ဘာတွေများ ဒါလောက် အရေးတကြီး ပြောစရာရှိနေလို့ ချမ်းချမ်းစီးစီးကြီးထဲမှာ နင်တို့ မောင်နှမက ပြောနေကြရတာလဲ... လာ... လာ.. လာ အိမ်ထဲကို မြန်မြန်လာကြစမ်းကွယ်..." ဟု ဒေါ်လေးက စိုးရိမ်ပူပန်စွာဖြင့် နောက်ထပ်၍ ခေါ်လိုက်ပြန်သဖြင့် "ဒေါ်လေးတူက စောစောစီးစီး မြိုင့်ကို သူခိုးသေဖော်လာညှိနေတယ် ဒေါ်လေးရဲ့ "ဟု မြိုင်က အရင်ဦးအောင် ဒေါ်လေးအား ဆီး၍ ပြောကာ မောင်မောင်လတ်ထက် အရင်ရောက်အောင် ဒေါ်လေးရှိရာသို့ ခပ်သုတ်သုတ်ကလေး ပြေးလာခဲ့လေသည်။

အပြစ်ရှိနေသော မောင်မောင်လတ်သည် ဒေါ်လေးအား လှမ်း၍ မျက်နှာချိုသွေးရင်း နောက်မှ ခပ်ဖြည်းဖြည်း လိုက်ပါလာသည်။

******

(ဃ)

ကျယ်ဝန်းသော ထမင်းစားခန်းအလယ်ရှိ လက်ဖက်ရည်စားပွဲတွင် တူဝရီးသုံးယောက်ဝိုင်း၍ ထိုင်မိကြသောအခါ အိမ်တွင် ခိုင်းစေထားသော အသက်ဆယ့်လေးငါးနှစ်ခန့် မိန်းကလေးတစ်ယောက်သည် အသင့်မီးကင်ထားပြီးဖြစ်သော ပေါင်မုန့်သုံးလေးချပ်နှင့် ကြက်ဥတစ်ဝက်ကျက် ကြော်ပြီးသားများကို လှပသော ဘိလပ်လုပ်ပန်းကန်ပြားကြီးတစ်ချ

ပ်တွင် ထည့်ယူ၍ လာပြီးလျှင် စားပွဲပေါ်သို့ ချပေးလေသည် ။ ဒေါ်လေးသည် ခပ်စောစောက အသင့်ဖောက်ထားသော ကော်ဖီကိုဖျော်၍ နေရာမှ "အကိုကြီး လမ်းလျှောက်ရာက ပြန်လာရင် ရေနွေးနဲ့ ရေချိုးဖို့ အဆင်သင့်လုပ်ထားပြီးပြီလား ဟဲ့ မယ်အေး..."ဟု အစေခံမိန်းကလေးအား လှမ်း၍ မေးလိုက်သည် ။

"ဟုတ်ကဲ့ ကြီးကြီး.. အားလုံးအဆင်သင့် လုပ်ထားပြီးပါပြီ..." မယ်အေးက တရိုတသေ ပြန်ပြောပြီးနောက် အခြားလုပ်စရာ အလုပ်များ ရှိသေးသကဲ့သို့ မီးဖိုချောင်ဘက်သို့ ထွက်သွားလေသည် ။

ကော်ဖီဖျော်၍ ပြီးစီးသွားသောအခါ ဒေါ်လေးသည် မြိုင်နှင့် မောင်မောင်လတ်တို့ အား ကော်ဖီထည့်ပေးရင်း "မလာစဖူး စောစောစီးစီး ပေါက်လာရတာက ဘယ်လိုများ အကြောင်းထူးလာလို့ လဲကွဲ့ မောင်မောင်လတ်ရဲ့ ..."ဟု ရုတ်တရက် ကောက်၍ မေးလိုက်၏။

မောင်မောင်လတ်သည် အဖြေမပေးတတ်အောင် အကျပ်အတည်းတွေ့နေသဖြင့် စစ်ကူတောင်းသော အမူအရာဖြင့် မြိုင့်အား လှမ်း၍ ကြည့်လိုက်သည် ။ မြိုင်သည် မောင်မောင်လတ်အား မျက်နှာလွှဲကာ မသိယောင် မမြင်ယောင်ပြုလျက် မျက်နှာလွှဲနေသောကြောင့် မောင်မောင်လတ်သည် အနေရ အထိုင်ရကျပ်လာကာ အတတ်နိုင်သည့်အဆုံးတွင် စားပွဲအောက်မှ နေ၍ ဒေါ်လေးမမြင်အောင် မြိုင်၏ ခြေထောက်အား ၎င်း၏ ခြေများ ဖြင့် ထိုးလေသည် ။ ဤသို့ ခိုးကြောင်ခိုးဝှက်နှင့် သူရဲဘောနည်းလှသော မောင်မောင်လတ်၏ အပြုအမူကိုကား မြိုင်သည် မကြိုက်ပေ။

"ဘာလဲ... ဒါက ကိုကိုလတ်ဘာသာဖြစ်လာတဲ့ ကိစ္စ ကိုကိုလတ်ဘာသာပြောပါလား"ဟု မြိုင်က ခပ်ဆတ်ဆတ်ကလေး ငေါက်၍ ပြောလိုက်

သည် ။

"မင်းဟာက ဘာများ ဖြစ်လာရပြန်ပြီလဲဟင် မောင်မောင်လတ်... ဒေါ်လေးကို ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါဦးကွယ်"ဟု ဒေါ်လေးက လည်း စိုးရိမ်ပူပန်စွာ မေးလာ၏။

မောင်မောင်လတ်သည် ဒေါ်လေး၏ မေးခွန်းကိုလည်း မဖြေနိုင်ဘဲ မြိုင့်ကိုသာလျှင် အားကိုးရာကင်းမဲ့သော ကလေးသူငယ်တစ်ယောက်၏ အမူအရာမျိုးဖြင့် လှမ်း၍ ကြည့်နေသည် ။

"ဒေါ်လေး မေးနေတာပဲ ပြောပြလိုက်ပါလား"ဟု မြိုင်က အမိန့်ပေး သောလေသံဖြင့် နောက်ထပ်၍ ပြောလိုက်ပြန်၏။

မောင်မောင်လတ်သည် ဒေါ်လေးအား မရဲတရဲလှမ်း၍ ကြည့်နေသ ည် ။ ပြောရန်ရှိသောစကားကိုကား မပြောပေ။

"မင်းဟာကလည်း ဘာကဘယ်လို ဖြစ်လာတယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း ပြောဦးမှ ပေါ့ကွဲ့..."ဟု ဒေါ်လေးက ထပ်မံ၍ အပြောခိုင်းနေသည် တိုင်အောင် မောင်မောင်လတ်သည် သူ၏ ဇာတ်ထု ပ်ကြီးကို မပြောဝံ့ မဆိုရဲဖြစ်ကာ ခေါင်းငုံ့နေလေသည် ။

မောင်မောင်လတ်၏ အမူအရာကို မြိုင်သည် စိတ်မရှည်သကဲ့သို့ ဖြစ် လာမိလေသည် ။ မိမိဖြစ်ခဲ့ပြီးသော ကိစ္စကိုပင် မပြောရဲမဆိုရဲသလို လု ပ်နေပုံအား စိတ်တိုလာမိလေသည် ။ မောင်မောင်လတ်၏ မထုံတက် သေးလုပ်နေပုံကို ကြည့်နေရင်းက မချင့်မရဲဖြစ်လာသောကြောင့် "ဒေါ် လေးတူတော်မောင် မနေ့ညက အိမ်ပြန်မအိပ်မိလို့ တဲ့ ဒေါ်လေးရဲ့ .. အဲ ဒီလိုပြန်မအိပ်တာဟာ ညက မြိုင်တို့ အိမ်မှာ အိပ်နေရလို့ ဆိုပြီး ဦးကြီး နဲ့ ကြီးကြီးကို သက်သေခံပေးဖို့ မြိုင့်ကို စောစောက သူခိုးသေဖော် လာ ညှိနေတာ..."ဟု မြိုင်သည် မောင်မောင်လတ် မဖြေဝံ့သော သူ၏ အထု

ပ်ကြီးကို စိတ်ပေါက်ပေါက်နှင့် ဖြေချပေးလိုက်၏။

ဒေါ်လေးသည် မျက်လုံးပြူးသွားသည် ။

"ဟုတ်သလားဟင်... မောင်မောင်လတ်..."

မောင်မောင်လတ်သည် ခေါင်းငုံ့၍ သာ နေ၏။ ဘာမျှတော့ ပြန်မပြောနိုင်ပေ။

ဒေါ်လေးသည် တာဝန်မဲ့သောကလေးသူငယ် တစ်ယောက်နှင့် များစွာခြားနားခြင်းမရှိသော သူ၏ တူကို မသက်မသာကြည့်ကာ သက်ပြင်းချမိရင်း "မင်း ဒီလို မလိမ္မာလို့ တစ်လောက မမ ငါ့ဆီ လာပြီး ညည်းသွားတာ ထင်ပါရဲ့ ကွယ်"ဟု ညည်းညူလိုက်သည် ။

"မေမေက ကျွန်တော့်အတွက် ဘာတွေများ ညည်းသွားသေးသလဲ ဒေါ်လေးရဲ့ ..."ဟု မောင်မောင်လတ်ကစ၍ ပြောဆိုမေးမြန်းခြင်း ပြုလာသည် ။ သူ၏ မိခင်က သူ့အတွက် ညည်းသွားရသည် ဟု ကြားရသဖြင့် မောင်မောင်လတ်သည် လှုပ်ရှားသွားလေသည် ။

"မင်း ထင်ရာမြင်ရာ လျှောက်လည်ပြီး သုံးနေဖြုန်းနေတာတွေကို ပေါ့ကွာ..."

"ရုပ်ရှင်နဲ့ တနင်္ဂနွေတစ်ပတ်မှ တစ်ခါလောက် မြင်းပွဲသွားတာကလေးကို မေမေက ညည်းရသတဲ့ လားဗျာ... ကျွန်တော် သုံးတယ် ဖြုန်းတယ်ဆိုရအောင်က တစ်လတစ်လကို ကျွန်တော်သုံးတာစွဲတာ ငါးရာတစ်ထောင်ထက် ပိုမကုန်ပါဘူး ဒေါ်လေးရဲ့ "

"ဟင်.. တစ်လ တစ်လကို ကိုကိုလတ်တစ်ယောက်တည်း သုံးတာချည်းပဲ ငါးရာတစ်ထောင်အထိ ကုန်သလား"ဟု ပေါင်မုန့်တစ်ချပ်ကို ထောပတ်ခပ်ထူထူကလေး သုတ်၍ နေရာမှ မြိုင်သည် အလန့်တကြား

မေးလိုက်သည် ။

မြိုင်၏ မေးခွန်းကို ပြန်၍ ဖြေကြားရန် မောင်မောင်လတ်သည် များစွာ ပမာဏမထားလှတော့ပေ။ သူသည် ကြက်ဥတစ်ဝက်ကျက် အကြော်တစ်ခုကို ခပ်အေးအေး လှမ်းယူ၍ စားနေသည် ။

"တစ်လ တစ်လကို ငါးရာ တစ်ထောင်သုံးတယ်ဆိုတာ နည်းနည်းနောနောမှ မဟုတ်တာကွယ် မင်းဟာက မလွန်လွန်းဘူးလား"

"ဖေဖေနဲ့ မေမေတို့ မှာ ဒါလောက်ချမ်းသာနေတာကို ကျွန်တော်မှ မသုံးရင် ဘယ်သူက သုံးဦးမှာ လဲ ဒေါ်လေးရဲ့ ..."

"မင်းမိဘ ပစ္စည်း မင်းသုံးတာတော့ ဟုတ်သပေါ့ကွယ်... ဒါပေမဲ့ စဉ်းစဉ်းစားစား သုံးဖို့ စွဲဖို့ တော့ ကောင်းတယ်... ကိုယ့်မှာ ရှိတိုင်း သုံးပေမဲ့ သုံးတိုင်းလည်း ကောင်းတာ မဟုတ်ဘူး ကွဲ့"

"ဖေဖေနဲ့ မေမေတို့ ပစ္စည်းတွေ ကျွန်တော် တစ်သက်လုံးဖြုန်းလို့တောင် မကုန်ပါဘူးဗျာ၊ ကျွန်တော် တစ်လတစ်လသုံးတဲ့ ငွေက ငါးရာတစ်ထောင်လောက် ဆိုတာဟာလည်း အနောက်ပိုင်းနဲ့ ရွှေတောင်တန်းဘက်က တစ်လတစ်လရနေတဲ့ တိုက်လခတောင် မရှိပါဘူး ဒေါ်လေးရဲ့ ..."

"မင်းသုံးလို့ စွဲလို့ ကုန်တာကို ပြောနေတာမှ မဟုတ်ဘဲ မောင်မောင်လတ်ရဲ့ ၊ လူကုံထံသားသမီးပီပီ စည်းနဲ့ ကမ်းနဲ့ သွားလာနေထိုင်ပြီး စည်းနဲ့ စနစ်နဲ့ သုံးစွဲဖို့ အတွက် မင်းမိဘတွေက ပြောနေကြတာ"

"ဖေဖေတို့ မေမေတို့ စည်းကမ်းကလည်း လွန်ပဲ လွန်အားကြီးလှပါတယ် ဒေါ်လေးရာ ကျွန်တော့်ကို ခုအသက်အရွယ်အထိ ကလေးတစ်ယောက်လို နေရာတကာလိုက်ပြီး ချုပ်ချယ်ထားချင်ထားကြတုန်းပဲ..."

"ဒါကတော့ သားသမီးကိုချစ်တဲ့ မိဘတိုင်းရဲ့ ထုံးစံပဲလေ..."

"ထုံးစံကလည်း ထုံးစံလွန်းလှပါတယ် ဒေါ်လေးရာ၊ ခြံထဲက ခြံပြင် ထွက်တာတောင် လိုက်ချုပ်ချယ်နေတာပဲ"

"ဒါလောက် စည်းကမ်းကျပ်နေတဲ့ ကြားထဲကတောင် မနေ့ညက မင်းအိမ်ကိုမှ မင်းပြန်အိပ်သေးရဲ့ လားကွယ်..."

"ဒါကတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက် ညတွင်းချင်းဖြစ်လာတဲ့ အရေးတကြီး ကိစ္စတစ်ခုအတွက်နဲ့ ပဲခူးကိုမလွှဲသာ မရှောင်သာ လိုက်ပို့ပေးနေရလို့ ပါလေ"

၎င်းထက် ငယ်ရွယ်သော နှမဖြစ်သူ မြိုင့်အား ခပ်စောစောက လိမ်ခဲ့သည့်အလုံးအတိုင်း ၎င်းမိခင်၏ ဝမ်းကွဲညီမ တော်စပ်သူအား မောင်မောင်လတ်သည် ခပ်တည်တည် လိမ့်လိုက်ပြန်၏။ သို့ရာတွင် ငယ်ရွယ်သူဖြစ်သော မြိုင်ကပင်လျှင် ယုံစားခြင်းမရှိခဲ့သော ဤဒဏ္ဍာရီကို သူ၏ ဒေါ်လေးလုပ်သူက လက်ခံယုံကြည်ခြင်း ရှိလိမ့်မည်-မရှိလိမ့်မည်ကိုကား မောင်မောင်လတ်သည် ဆင်ခြင်စဉ်းစားမိပုံမရလှပေ။

"ဒါကတော့ မင်းပြောသမျှကိုသာ ဒေါ်လေးတို့ နားထောင်ကြရတာပဲ မဟုတ်လား... အဲဒီတော့ မင်းမိဘများက စည်းကမ်းလုပ်တာကိုလည်း အပြစ်မတင်ထိုက်ဘူးပေါ့ကွယ်.."

ဒေါ်လေးဖြစ်သူက အကျိုးနှင့်အကြောင်း ပြောဆိုဆုံးမနေသည့်အတွက် ရှေ့ဆက်၍ လည်း စောဒကမတက်နိုင်သော မောင်မောင်လတ်သည် မြိုင်က အဆင်သင့် ထောပတ်သုတ်ပေးထားသော ပေါင်မုန့်တစ်ချပ်ကို ယူ၍ စားရင်း ကော်ဖီသောက်နေလေသည် ။

သို့ရာတွင် သူ၏ ချို့ယွင်းချက်ကိုကား ဝန်ခံလိုပုံမရပေ။ လောလော

ဆယ် ရင်ဆိုင်နေရသည့်သူ၏ အရေးပေါ်ပြဿနာကို ဖြေရှင်းကျော်လွှား ရာ၌ မြိုင်နှင့် ဒေါ်လေးတို့ တူဝရီးအား အကာအကွယ်ယူလို၍ သာ မောင်မောင်လတ်သည် နောက်ထပ်၍ ဘာမျှဆင်ခြေတက်ရန် မကြိုးစားခြင်းဖြစ်လေသည်။

ဒေါ်လေးနှင့် မောင်မောင်လတ်တို့ တူဝရီးနှစ်ယောက် စကားပြော နေကြခြင်းကို ကော်ဖီသောက်ရင်းဘေးမှ ငြိမ်သက်စွာ ကြည့်နေခဲ့ရ သော မြိုင်သည် မည်သည့်အရာ၌ မဆို လေးနက်ခြင်းမရှိဘဲ ပေါ့ပေါ့ဆ ဆနှင့် ပမာမခန့်နိုင်လှသော မောင်မောင်လတ်ကို တော်တော်ကလေး မ ကျေမနပ်ဖြစ်လာမိလေသည်။ ပညာသင်ကြားရေးဘက်တွင် လည်း ထိ ထိရောက်ရောက် သင်ကြားခြင်းမရှိဘဲ မိဘတို့ ၏ လုပ်ငန်း၌ လည်း ဘာတစ်ခုမျှ ကူဖော်လောင်ဘက် မပြုခဲ့သော မိမိ၏ အစ်ကိုဝမ်းကွဲ တော်စပ်သူအား မြိုင်သည် အမြင်ကပ်သလို ရှိလာသည်။

"ကိုကိုလတ်တစ်ယောက်ဟာ ဒီအသက်အရွယ် ရှိလာတာတောင်လ ည်း ဟိုငယ်ငယ်တုန်းကနဲ့ ဘာမှ မထူးဘူး... ကလေးလိုပဲ"ဟု မြိုင်က ဝ မ်းထဲတွင် ရှိလာသော မကျေနပ်ချက်ကို ဖွင့်ထုတ်၍ ပြောလိုက်သည်။

မောင်မောင်လတ်သည် မြိုင့်ကို ဘာမျှပြန်၍ မပြောဘဲ သူ့အား ဘာမျှမပြောသလို ကော်ဖီကိုသာ ခပ်အေးအေးသောက်၍ နေသဖြင့် မြို င်သည် ၎င်းအစ်ကို၏ ပမာမခန့်နိုင်လှခြင်းကို ခံပြင်းမိလေသည် ။ မိမိ ထက်သာ အငယ်ဆိုခဲ့လျှင် မြိုင်သည် မောင်မောင်လတ်အား ထ၍ ခေါင်းခေါက်လိုက်မည်ပင် ဖြစ်လေသည် ။ မောင်မောင်လတ်သည် မြိုင် ထက် ငါးနှစ်ခန့်မျှ ကြီးသည် ။

"တစ်လောက မမခင်တို့ သားအမိ တို့ ဆီလာလည်ရင်း မင်းအကြော င်းတောင် ပြောသွားကြသေးတယ်"ဟု ဒေါ်လေးက အကြောင်းအရာသ

စ်ကို ထပ်မံပြောဆို လိုက်လေသည် ။

ဒေါ်လေးပြောဆိုလိုက်သော အကြောင်းအရာသစ်ကို မောင်မောင်လတ်သည် များ စွာ သဘောကျလှပုံမရပေ။ သူ၏ ဒေါ်လေး ပြောဆိုလာသော "မမခင်တို့ သားအမိ"ဆိုသည် မှာ သူနှင့်လူကြီးများ အချင်းချင်းရည်ရွယ်ထားကြသော လဲ့လဲ့နှင့် ၎င်း၏ မုဆိုးမမိခင်ကြီး ဒေါ်မိမိခင်တို့ကို ဆိုလိုခြင်း ဖြစ်ပေသည် ။

"ဒီအမယ်ကြီးက သူ့ဘာသာသူ လူကြီးပီပီ အေးအေးမနေသေးဘဲနဲ့ ဘာဆိုင်လို့ ကျွန်တော့်အကြောင်း ပြောရတာလဲ..."ဟု မောင်မောင်လတ်က ပြောဆို လိုက်လေသည် ။

မောင်မောင်လတ်က ၎င်း၏ ယောက္ခမလောင်းအား ဤသို့ ခပ်ရိုင်းပျပျကလေး ပြောဆိုလိုက်သောအခါ ဒေါ်လေးရော မြိုင်ပါ နှစ်ယောက်စလုံး မျက်နှာမကောင်း ဖြစ်သွားကြသည် ။ တော်တော်ကလေးလည်း စိတ်မကောင်းဖြစ်သွားကြပုံရသည် ။

မောင်မောင်လတ်ကတော့ များ စွာ အရေးထားလှပုံမရပေ။

"လူငယ်ကိစ္စမှာ နေရာတကာတိုင်း လူကြီးက ဝင်ပါတာတော့ ကျွန်တော်မကြိုက်ဆုံးပဲ"ဟု ပြောဆိုလိုက်ပြန်သည် ။

နောက်တစ်ဆင့်တက်၍ လာသော မောင်မောင်လတ်၏ မောက်မာသောစကားကို ဒေါ်လေးသည် ငြိမ်သက်၍ မနေနိုင်တော့ဘဲ "မမခင်ဟာ တခြားလူလည်း မဟုတ်ဘူး နော် မောင်မောင်လတ်- မင်းခုလိုပြောတာ လွန်ပြီထင်တယ်.. တကယ်လို့ ... မင်း ခုပြောလိုက်တဲ့ စကားကိုသာ မမခင်ပဲဖြစ်ဖြစ် မင်းမိဘတွေပဲဖြစ်ဖြစ် ကြားများ သွားရင်..."ဟု မျက်နှာခပ်တင်းတင်းထား၍ ပြောဆို လိုက်လေသည် ။

ဤသို့ ၎င်း၏ ဒေါ်လေးလုပ်သူက သတိပေးပြောကြားလိုက်သည့်တိုင်အောင် မောင်မောင်လတ်သည် သတိထားဆင်ခြင်လိုပုံမရသေးဘဲ "မိန်းမတန်မဲ့ ဒီအသက်အရွယ်ကြီး ရှိနေမှာ တောင် အရက်သောက်၊ ဖဲရိုက်ပြီး မြင်းပွဲသွားနေသေးတဲ့ ဟာတွေကိုတော့ တော်ပါပြီဗျာ… ကျွန်တော် မပြောချင်ပါဘူး"ဟု ၎င်း၏ ယောက္ခမလောင်းအပေါ် စကားကိုဆက်၍ ပြောနေပြန်၏။ သို့ရာတွင် သူသည် သူပြောစရာရှိသောစကားကို ဆုံးအောင်ကား မပြောပေ။ ဒိုင်အာခီအုပ်ချုပ်ရေးခေတ်က ဝန်ကြီးကတော်ဖြစ်ခဲ့သော ဒေါ်မိမိခင်၏ အကြောင်းကို သမက်တော်ရမည့်သူက ထုတ်ပြန်ရန် ဝန်လေးသွားပုံရသည် ။

ဒေါ်လေးရော မြိုင်ပါ တော်တော် မျက်နှာပျက်သွားကြလေသည် ။ သို့ရာတွင် မောင်မောင်လတ် ပြောဆိုလိုက်သော အချက်အလက်များ သည် အမှန်ချည်းသာ ဖြစ်နေသောကြောင့် သူတို့ သည် ဘာပြန်ပြောရမှန်း အစရှာမရအောင် ဖြစ်နေသည် ။

"အစ်ကိုကြီး ကိုသက်ထွန်းကိုတော့ ကျွန်တော် ရိုသေပါတယ်၊ လဲ့လဲ့ကလေး တစ်ယောက်ကိုလည်း သနားတာပါပဲ။ ဒါပေမဲ့ ဒေါ်မိမိခင်ကို လန့်တာနဲ့ .. အိုဗျာ မြိုင်ရှေ့မှာ မပြောချင်ပါဘူး ဒေါ်လေးရယ်"ဟု အပြီးသတ် ပြောဆိုရင်း မောင်မောင်လတ်သည် လောဟာဖြင့် လုပစ္စာပြုလုပ်ထားသော စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိနေသည် ။

"မင်း ခုတင်ကပြောတော့ လူငယ်တွေကိစ္စမှာ နေရတကာတိုင်း လူကြီးတွေဝင်ပါတာ မကြိုက်ဘူးလို့ ဆိုတယ် မဟုတ်လား… မင်း ခုပြောတာကတော့ကော လူကြီးတွေကိစ္စမှာ လူငယ်တွေ ဝင်ပါတာပဲ မဟုတ်လား.."ဟု ဒေါ်လေးသည် မျက်နှာပျက်ပျက်နှင့် မေးမြန်းပြောဆိုရ

လေသည်။

"လူကြီးတွေက ကျွန်တော်တို့ လူငယ်တွေနဲ့ ပြိုင်ပြီး မိုက်နေလို့ ကောင်းပါဦးမလား ဒေါ်လေးရဲ့ "ဟု မောင်မောင်လတ်က ခပ်သော သော ခပ်ပေါ့ပေါ့ပြန်၍ ပြောရင်း သူ့စကားကို သူသဘောကျသွားသကဲ့ သို့ ခပ်အုပ်အုပ်ကလေး ရယ်မောနေလေသည်။

"မင်းစကားတွေဟာ လွန် လာပြီထင်တယ် မောင်မောင်လတ်" ဟု ဒေါ်လေးက မျက်နှာထားခပ်တင်းတင်းနှင့် ပြောလိုက်တော့မှ မောင် မောင်လတ်သည် သူ၏ ဒေါ်လေး တော်တော်စိတ်ဆိုးနေမှန်း ရိပ်မိသကဲ့ သို့ မျက်နှာပိုးသတ်လိုက်သည်။

"နောက်ပြီးတော့ မင်းနားလည်ထားဖို့ တစ်ခုရှိတယ်... မမခင်တို့ ကောင်းစားတုန်းက မင်းမိဘတွေအပေါ်မှာ ပြုထားခဲ့တဲ့ ကျေးဇူးတွေ အများကြီးရှိတယ်ဆိုတာပဲ..."

"ဒါတွေ ကျွန်တော် သိပြီးသားပါ ဒေါ်လေးရဲ့ "

"သိပြီးသားဆိုရင် မင်းကိုပြောနေစရာ ဘာလိုသေးသလဲ.."

မောင်မောင်လတ်သည် ဒေါ်လေးအား နောက်ထပ်၍ ဤကိစ္စကို ဆ က်လက်ပြောဆို ငြင်းခုံခြင်း မပြုလိုတော့သဖြင့် "ဒါထက် ကိုသက်တင် တစ်ယောက် မြိုင်တို့ ဆီ လာသွားသေးသလား... ဟင်..."ဟု လှမ်း၍ ကြည့်ရင်း အကြောင်းအရာသစ်တစ်ခုကို လွှဲပြောင်း၍ ပေးလိုက်သည်။ မောင်မောင်လတ်က မြိုင့်အား မေးမြန်းလိုက်သော 'ကိုသက်တင်'ဆိုသူ မှာ ဒေါ်မိမိခင်၏ တူဖြစ်၍ ကိုသက်ထွန်းနှင့် လဲ့လဲ့တို့ မောင်နှမနှင့် မော င်နှမဝမ်းကွဲ တော်စပ်သည်။ သူသည် စက်သူဌေးသားတစ်ယောက်ဖြစ် ၍ နှစ်ဦးနှစ်ဖက်သော လူကြီးများကလည်း 'မြိုင်'က နှစ်သက်သဘော တူမျှသာ တစ်နေ့၌ လက်ထပ်ပေးစားရန် ရည်မှန်းထားသူဖြစ်လေသည်

။ "လွန်ခဲ့တဲ့ အပတ်က လာရင်း သူ ဘန်ကောက်က ဝယ်လာတဲ့ ဘန်ကောက်ပိုးတစ်အုပ်တောင် လက်ဆောင်ပေးသွားသေးတယ်"ဟု မြိုင်က ပြန်၍ ပြောသည် ။

"ဟင် ဒီလူ ဘယ်တုန်းက ယိုးဒယားသွားလိုက်ပါလိမ့်... ကိုလတ်ကို တောင် ပြောမသွားဘူး..."

"သူ့ဖေဖေက ဆန်အကြောင်း သွားစုံစမ်းခိုင်းလို့ ပြောတာပဲ..."

"ဩ..." မောင်မောင်လတ်ပါးစပ်မှ ဤအာမေဋိတ်သံသာ ထွက်သွား၏။ ထို့နောက် သူ့ဘာသာသူ သဘောကျသွားသကဲ့သို့ ပြုံးလိုက်သည် ။ မိဘဖြစ်သူများက ဆန်စပါးလုပ်ငန်းကို သိန်းနှင့်ချီ၍ လုပ်ကိုင်ကြသူများ ဖြစ်သော်လည်း "ညှော့မထ"နှင့် "လုံးသွယ်"ကိုပင် မခွဲခြားတတ်သော ကိုသက်တင်က မြိုင့်အား ဘန်ကောက်သို့ ဆန်အကြောင်းစုံစမ်းရန် သွားသည် ဟု ပြောဆိုသွားပုံကလေးကို သဘောကျလွန်း၍ ပြုံးလိုက်မိခြင်းဖြစ်သည် ။ တကယ်ဆိုတော့ ပိုက်ဆံကို ရေလိုသုံးနေကြသော သူဌေးသားများ ပီပီ၊ မောင်မောင်လတ်နှင့် ကိုသက်တင်တို့ သည် အာရှတိုက်၏ 'ပါရီ'ဖြစ်သော ဘန်ကောက်မြို့သို့ မကြာခဏသွားရောက် 'ပွေဘက်'များ သာ ဖြစ်လေသည် ။ သို့ရာတွင် နာမည်ကျော် ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး "မေမေခင်"အား စတင်တွေ့ရှိ၍ စွဲလမ်းခင်မင်ခဲ့သော လွန်ခဲ့သည့် ခြောက်လလောက်ခန့်မှ စ၍ မောင်မောင်လတ်သည် ကိုသက်တင်နှင့် လမ်းခွဲကျန်ရစ်ခဲ့လေပြီ။

"ကိုသက်တင်ကတောင် ကိုကိုလတ်နဲ့ လူချင်းမတွေ့ရတာ တော်တော်ကြာသွားပြီလို့ ပြောသွားသေးတယ်..."ဟု မြိုင်က ဆက်၍ ပြောဆိုလာ၏။

"ကိုလတ်လည်း သူ့ကိုတော့ တွေ့ချင်သေးတယ်"

"ကိုသက်တင်တောင် ကနေ့ဖြစ်ဖြစ်၊ မနက်ဖြန်ဖြစ်ဖြစ် လာလိမ့်မယ် ထင်တယ်၊ အရင်တစ်ပတ် မြိုင်တို့ အိမ်လာလည်ရင်း ပြောသွားတာပဲ... "

"ဒီလိုဆိုရင် သူလာတဲ့ အခါ နောက်အပတ် မြင်းပွဲမှာ ကိုလတ်နဲ့ ဆုံရအောင်လို့ ပြောလိုက်စမ်းပါဦး မြိုင်ရယ်..."

ဤသို့ လက်ဖက်ရည်စားပွဲမှ မထကြသေးဘဲနှင့် စကားပြောဆိုနေကြသည့်အခိုက် ခပ်စောစောပိုင်းက နံနက်ခင်းလမ်းလျှောက်ထွက်သွားသော မြိုင်၏ ဖေဖေသည် လမ်းလျှောက်ရာမှ ပြန်၍ ရောက်လာသည်။

"ဟဲ့ မောင်မောင်လတ်ပါလား"ဟု မြိုင်၏ ဖေဖေက မောင်မောင်လတ်အား ဤသို့ တွေ့ရသဖြင့် အံ့အားသင့်သွားသလို လှမ်း၍ နှုတ်ဆက်ရင်း လက်ဖက်ရည်စားပွဲဆီသို့ လျှောက်လာခဲ့လေသည်။

"ဟုတ်ကဲ့ ဦးလေးလမ်းလျှောက်ရာက ပြန်လာတာလား..." မောင်မောင်လတ်သည် ထိုင်ရာမှ ထ၍ အရိုအသေပေးရင်း ပြန်လည် ပြောဆိုလိုက်ရသော်လည်း ၎င်း၏ အသံမှာ မူမှန်ခြင်းမရှိလှဘဲ ခြောက်သွေ့နေလေသည်။

"အေး- ငါခုမနက် ထလမ်းလျှောက်ရင်း မင်းတို့ အိမ်ကို ရောက်ခဲ့တယ်၊ ငါ မင်းတို့ အိမ်ကိုရောက်တော့ အစ်ကိုကြီးနဲ့ မမက ညက မင်းအိမ်ပြန်မအိပ်လို့ တော်တော်ကလေး စိတ်ပူနေကြပါကလား..."

ဦးလေးဖြစ်သူ၏ အမေးကို ပြန်၍ မဖြေနိုင်သဖြင့် မောင်မောင်လတ်သည် အနေရ အထိုင်ရ ကျပ်လျက်ရှိရာမှ ဒေါ်လေးနှင့် မြိုင်တို့ အား စစ်ကူတောင်းသော အကြည့်ဖြင့် တစ်လှည့်စီသာ လှမ်း၍ ကြည့်လေသည်။

"မင်းမေမေကတော့ မင်းခုလို အိမ်ပြန်မအိပ်တဲ့ အတွက်နဲ့ တော်တော်ကြီး စိတ်ဆိုးနေပုံရတယ်"ဟု မြိုင်၏ ဖေဖေက ပြောဆိုလာသော အခါ၌ တူဖြစ်သူအား ဤအတိုင်းကြည့်၍ မနေနိုင်ရာသော ၎င်း၏ ဒေါ်လေးက "မနေ့ညက သူတို့ မောင်နှမ စစ်ဘုရင်ကစားရင်း ညဥ့်နက်သွားလို့ ဒီအိမ်မှာ မောင်မောင်အိပ်သွားတာကို မမက စိတ်ဆိုးနေစရာတော့ မဟုတ်ဘူး ထင်ပါရဲ့ အစ်ကိုကြီး..."ဟု ဝင်ရောက်ပြောဆိုလာရလေသည်။

မြိုင်၏ ဖေဖေသည် ရုတ်တရက် အံ့သြသွားသော အမူအရာဖြင့် "မောင်မောင်လတ် မနေ့ညက တို့ အိမ်မှာ အိပ်တာ ငါလည်း မသိလိုက်ပါလားဟဲ့ စောခင်ရဲ့ ..."ဟု နှမလုပ်သူအား မေးလေသည်။ သူ၏ စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေဟန်တူ၏။ မနေ့ညက မောင်မောင်လတ်သည် ဂနာရီခန့်တွင် မိမိတို့ တိုက်သို့ သွားကြောင်းကိုတော့ သတိရ၏။ သို့ရာတွင် မောင်မောင်လတ် ဤအိမ်တွင် အိပ်သွားသည် ကိုတော့ကား များ စွာ သတိမထားမိလိုက်ပေ။

"ပထမတစ်ခေါက်လာလို့ ပြန်ထွက်သွားပြီး ကိုကိုလတ် နောက်တစ်ခေါက် ပြန်ဝင်လာတော့ ဖေဖေ အိပ်ရာဝင်ပြီးမှ ပဲ" မြိုင်သည် လည်း မနေသာတော့သဖြင့် ၎င်း၏ ဒေါ်လေး ဒေါ်စောခင်နှင့်အတူ ပူးပေါင်း၍ မောင်မောင်လတ်အား ဝင်ရောက်ကာကွယ်ရပေတော့သည်။

"ဟေ ဟုတ်ရဲ့ လား.. ငါမနက်အိပ်ရာက ထတော့လည်း မမြင်မိပါကလား စောခင်ရဲ့ "

"မမြင်မိဆို အစ်ကိုကြီးတူကို သူ့အစ်ကို မောင်ဇော်ဝင်းရဲ့ အခန်းမှာ သိပ်ရတာကိုး"ဟု ဒေါ်စောခင်သည် လိမ်မိလက်စရှိသည့်အလျောက် ယုတ္တိရှိရှိဖြင့် ဆက်၍ လိမ်ရတော့သည် ။ "မောင်ဇော်ဝင်း"မှာ ဘိလပ်သို့

သွားရောက်၍ ဝတ်လုံတော်ရ အတတ်ပညာကို သင်ကြားလျက်ရှိသော မြိုင့်ထက်အကြီး ဖြစ်သည် ။

ဒီလို ဆိုရင်တော့ မောင်မောင်လတ် အိမ်ပြန်တဲ့ အခါ နင်ကိုယ်တိုင် လိုက်သွားပြီး အစ်ကိုကြီးနဲ့ မမတို့ ကျေနပ်သွားအောင် ရှင်းပြမှ ဖြစ်မယ် မဟုတ်ရင် ဆူဆူပူပူဖြစ်နေလိမ့်မယ်.."ဟု ပြောဆိုကာ မြိုင်၏ ဖေဖေသည် ရေမိုးချိုးရန် ထွက်သွားလေသည် ။

လက်ဖက်ရည်စားပွဲတွင် ကျန်ရစ်ခဲ့ကြသော တူဝရီးသုံးယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း မပြုံးမိ မရယ်မိကြရအောင် တော်တော်ကြီး ကြိုးစားနေကြရလေသည် ။

******